စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# မရှိမဖြစ် အင်္ဂလိပ်အတွေးအကျွရာများ

# Essential Activator A

စိုးမြင့်

mgyoe.com

ဒုတိယအကြိမ်

# FOUR SKILLS IN ENGLISH

## Listening, Speaking, Reading, Writing

## ဘယ်ဟာ အခက်ဆုံးလဲ

အင်္ဂလိပ်စာကို ဒုတိယဘာသာစကားအဖြစ်
သင်ယူသူတစ်ယောက်အတွက်
အင်္ဂလိပ်စာ အတန်အသင့်တတ်ရင်

**Listening** – သူများပြောတာကို လိုရင်းလောက်တော့ နားလည်အောင် နားထောင်လို့ ရပြီ။

**Speaking** – ကိုယ်က ပြန်ပြောဖို့က အဲဒီထက် ပိုခက်တယ်။

**Reading** – ဖတ်ဖို့က သာခက်တယ်။

**Writing** – ရေးဖို့ကတော့ အခက်ဆုံးဖြစ်တယ်။

သည်စာအုပ်တွဲ ၄ တွဲက
"နားထောင်"၊ "ပြောဆို"၊ "ဖတ်ရှုတ်"၊ "ရေးသိ"
ဒီလေးလီအနက် အခက်ဆုံး
Writing အဆင့်အထိရောက်အောင်
အမြန်ဆုံး ပို့ဆောင်ပေးမယ်။

Vocabulary ဝေါဟာရစကားလုံးတွေ
ကြွယ်ဝလာစေပြီး အတွေးကို
နည်းအမျိုးမျိုးနဲ့ အကျွရာတင်နိုင်စွမ်း
ရှိလာစေမယ်။

ISBN9789997113764
USM9
9 789997 113764
2,000.00KS

mgyoe.com

မရှိမဖြစ်အင်္ဂလိပ်အတွေးအကွရာများ - A၊ စိုးမြိုင်
မျက်နှာဖုံးဒီဇိုင်း - နိုင်ခွန်အား
စာမျက်နှာ ၃၀၃ မျက်နှာ၊ ၁၆ စင်တီ× ၁၈•၅စင်တီ

ဆရာကြီးဦးစိုးမြိုင်၏ စာမူစာအုပ်များအားလုံးမူပိုင် - စိတ်ကူးချိုချို

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇/၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၃ ခုစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com

# မရှိမဖြစ် အင်္ဂလိပ်အတွေးအကန့်ရာများ

# ESSENTIAL ACTIVATOR

## -A-

စိုးမြိုင်

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

# ဆရာကြီး ဦးစိုးမြိုင်၏
# အင်္ဂလိပ်စာလေ့လာသင်ယူရေး စာအုပ်ကောင်းများ

၁။ အမြဲတောအင်္ဂလိပ်အီဒီယမ်များ
၂။ ကိုယ်ပိုင်ပြောအင်္ဂလိပ်စကား
၃။ အင်္ဂလိပ်စကားပြောနည်း – ၉၀၀ (CD ပါ)
၄။ အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ
၅။ လက်တွေ့အင်္ဂလိပ်သဒ္ဒါ
၆။ မိသားစုအယ်ဘန် U.S.A (ပေါင်းချုပ်)
၇။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကူရာများ A
၈။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကူရာများ B
၉။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကူရာများ C
၁၀။ ဝိဘတ်နှင့်တွဲသော အင်္ဂလိပ်စာအသုံးအနှုန်းများ
၁၁။ အမေရိကန်အီဒီယမ်
၁၂။ ပုပ္ပါးမှာတစ်ခါကြုံတယ်
(မြန်မာမှ အင်္ဂလိပ်ဘာသာပြန်လေ့လာချက်)

---

စိတ်ကူးချိုချိုစာအုပ်တိုက်မှ ဆက်တိုက် ပြန်လည်ထွက်ရှိလာပါမည်။

mgyoe.com

# စာရေးသူ၏အမှာ

mgyoe.com

## (က)

ဤစာအုပ်တွင် ဖော်ပြထားသောအသုံးအနှုန်းများသည် သင့်ကို အင်္ဂလိပ်စာပေနှင့်ပတ်သက်၍ ပိုမိုတွေးခေါ်လာစေမည်ဖြစ်သည်။ သင်၏အတွေးများ၊ စိတ်ကူးများကို စကားလုံးအဖြစ်ပြောင်းလဲ အက္ခရာတင်ရာ၌ မူလကထက်ပိုမို၍ ထိထိမိမိရှိလာစေမည်။ ပိပြင်ပေါ်လွင်လာစေမည်။ ရေးသားပြောဆိုတင်ပြလိုသည့်အချက်ကို နည်းအမျိုးမျိုးဖြင့် ဖော်ပြနိုင်စွမ်းရှိလာစေမည်။ သင်၏ အင်္ဂလိပ်စာပေ ဘာသာ အရေးစွမ်းရည်ကို ဆတက်ထမ်းပိုးတိုး၍ တင့်တယ်ဝေဆာလာစေမည်။ အပြောစွမ်းရည်ကို ကျစ်လျစ်ထက်မြက်လာစေမည်။ တစ်ခါလာ မဲပြာပုဆိုးမဟုတ်ဘဲ ရေးလိုပြောလိုသမျှကို နည်းအမျိုးမျိုးဖြင့် သစ်သစ်လွင်လွင် ပြော၍ရေး၍ သင်၏အရည်အချင်းကို မကြုံစဖူး ပြောင် ပြောင်မြောက်မြောက် ထုတ်ဖော်လာနိုင်စေမည်။ နိုင်ငံရပ်ခြားစာမေးပွဲများ၊ ပြည်သူ့ဝန်ထမ်းရွေးချယ်ရေးစာမေးပွဲများ၊ အဆင့်မြင့်ပညာရေး အတန်းစာမေးပွဲများကို အမှတ်ကောင်းကောင်းဖြင့် အောင်မြင်အောင် ဖြေဆိုလာနိုင်စေမည်။

မိမိ၏ဝါကျ လှလှပပသားသားနားနားဖြစ်အောင် မည်သည့်စာပေ၌မဆို ရေးလိုပြောလိုသည့်အကြောင်းအရာတစ်ရပ်ကို ပထမဝေါဟာရ၊ ဒုတိယဝေါဟာရ၊ တတိယဝေါဟာရစသည်ဖြင့် မည်သည့်ဝေါဟာရစကား လုံးကို သုံးရပါ့မလဲဟုတွေးခေါ်ရသော အခြေအနေမျိုးနှင့် ရင်ဆိုင်တိုးရတတ်ပါ၏။ စိတ်သန္တာန်တွင် ဖွေဆော် ဦးလျှပ်ပြက်သည့်ပမာ လင်းလက်လာသော ရှောင်တခင် အတွေး ကို ဘဝင်မကျအားမရသည့်အဖြစ်နှင့် စာရေးသူများ တွေ့ကြုံခံစား ရလေ့ရှိသည်။ ဒုတိယဘာသာစကားဖြစ်သော အင်္ဂလိပ်စာရေးရာမှာ ကျွန်တော်တို့ မြန်မာများပိုမိုကြုံရသည်။ အထူးသဖြင့် မိမိ၏ ဝါကျပွဲထုံးများနှင့် ဝေါဟာရစကားလုံးများရွေးချယ်ရာဝယ် ဇီဇာကြောင် **'ချေးများ'** သူတို့သည် သည်အဖြစ်မျိုးကို ကိုယ်တွေ့ကြုံရ၏။ ကိုယ့်ကိုကိုယ် အားမလို အားမရ ဖြစ်မိသည်။ ဒေါသဖြစ်မိသည်။ စာရေး ရပ် ပြီးတွေးသည်။ စာရေးစားပွဲမှထ၍ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ပြီး တွေးသည်။

mgyoe.com

ကိုးကား ကျမ်းများ၊ အသုံးအနှုန်းကျမ်းများကို တစ်အုပ်ပြီး တစ်အုပ်

လှန်လှောကြည့်ရပြန်သည်။ ကိုယ်ရယူလိုသော အဓိပ္ပာယ်အတွက် အကောင်းဆုံးဝေါဟာရစကားလုံး အသုံးအနှုန်းကို တွေ့လိုတွေ့ငြားပေါ့။ ကြိုးပမ်းအားထုတ်မှုမှ တင့်ဆုံးလှဦးရလဒ်ထူးများ ပွင့်ပူးလာသည်လည်း ရှိ၏။ ခဲလေသမျှသဲရေကျ၍ လိုအင်မပြည့်ကြိုက်မတွေ့ဘဲ ဖြစ်သမျှနှင့် ရောင့်ရဲလက်ခံလိုက်ရသည်လည်း ရှိပါ၏။

## "Listening, Speaking, Reading, Writing"

လူ့ဘဝသည် အမိဝမ်းမှကျွတ်ခဲ့ပြီးနောက်ဝယ် ဘာသာစာပေ ကျွမ်းကျင်မှု (၄)ရပ်အနက် **Listening** (နားထောင်ခြင်း)ဖြင့် ဘဝစ၏။ မိခင်ကပြောသည်ကို တစ်လုံးချင်း စတင်နားထောင်ခဲ့ကြရ၏။ ထို့နောက်မှ ကလေးကပြန်လည်၍ ပဲ့တင်ထပ်ပြောကြား၏။ ဤကား **Speaking** အဆင့်။ **Reading** က တတိယနေရာယူသည်။ 'ကကြီး' 'ခခွေး' 'ဂငယ်'စသည်ဖြင့် ဖတ်တတ်လာ၏။ **Writing** က **Four Skills** တွင် အခက်ဆုံးဖြစ်သည်။ နောက်ဆုံးမှကလေးသည် အက္ခရာတို့ကို ရေး တတ်လာသည်။ အင်္ဂလိပ်ဘာသာစာပေကို လေ့လာကြကုန်သောသူများ အတွက်လည်း ကျွမ်းကျင်မှု(၄)ရပ်၌ 'ရေးခြင်း'သည် အခက်ခဲဆုံးဖြစ်၏။ စာဖတ်သူအား အင်္ဂလိပ်စာကိုအဆင့်မြင့်မြင့် မှန်မှန်ကန်ကန် ချောချောမွေ့မွေ့ ရေးသားလာနိုင်သည်အထိ ဤစာအုပ်ကတာဝန်ယူ ရည်ရွယ်ဦးတည် ထားကြောင်း ဖတ်ရှုလေ့လာရင်း နားလည်သဘောပေါက်လာမည်ဖြစ်ပါ သည်။ **အတွေးသစ်ရှာနယ်** အမှတ်(၂၅)မှစ၍ 'မရှိမဖြစ် အတွေးအက္ခရာ များ' အင်္ဂလိပ်စာ ပညာပေးဆောင်းပါးများကို အပတ်စဉ်ရေးသားလျက် ရှိရာ အမှတ် (၁၁၅) အရောက်၌ **"A"** အက္ခရာပြီး ဆုံးသွားသည်နှင့် **"A"** အဆုံးအထိ ဆောင်းပါးများကိုစုစည်း၍ ထုတ်ဝေလိုက်ခြင်းဖြစ်ပါ သည်။ 'အတွေးသစ်'၌ ဆက်လက်ပါရှိသော ဆောင်းပါးများကိုလည်း အက္ခရာစဉ်အလိုက် ဆက်လက်ထုတ်ဝေသွားပါမည်။

တစ်အုပ်ချင်း၌ ဆိုင်ရာအက္ခရာ၏ အဓိပ္ပာယ်အသုံးအနှုန်း များ ပြီးပြတ်ပြည့်စုံစွာပါရှိ၍ နောက်တစ်အုပ်သို့ မကူးဆက်သဖြင့် တစ်အုပ်ချင်း သီးခြားဖတ်ရှုလေ့လာနိုင်ပါသည်။

mgyoe.com
mgyoe.com

mgyoe.com

ယခုအခါ ဘာသာပြန်အတတ်ကို စိတ်ဝင်စားသူများ ပိုမိုတိုးတက်များပြားလာကြောင်း တွေ့ရသည်။ အထူးသဖြင့် လူငယ်လူလတ်များဖြစ်ကြသည်။ သူတို့သည် ''ဘာသာပြန်သည်''ဆိုသော စကား၏ အဓိပ္ပာယ်ကိုလည်း ကောင်းစွာသဘောပေါက်လာကြသည်။ အင်္ဂလိပ်စာတစ်ကြောင်း၊ တစ်ပိုဒ်၊ တစ်အုပ်ကိုဖတ်ရှုသည့်အခါ မြန်မာလို လုံးဝစဉ်းစားရန်မလိုသကဲ့သို့ အင်္ဂလိပ်လိုရေးသည့်ပြောသည့်အခါမှာလည်း မြန်မာလိုစဉ်းစားရန်မလို။ မိမိဖတ်သော အင်္ဂလိပ်စာကိုအင်္ဂလိပ်လိုသာ သဘောပေါက်ရန်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ထို့နည်းတူမိမိက အင်္ဂလိပ်စာရေးသောအခါမှာလည်း မြန်မာလိုမစဉ်းစားဘဲ အင်္ဂလိပ်လိုသာတန်းစဉ်းစားရမည်ဖြစ်ကြောင်းဖြင့်မှတ်ယူကြသည့် အယူတိမ်းသော ''အူကြောင်ကြောင်''လူသိုက်ထဲတွင် သူတို့မပါဝင်ကြပါချေ။ အထက်ပါအတိုင်းခံယူသောပုဂ္ဂိုလ်တို့သည် အင်္ဂလိပ်ဘာသာစာပေကိုရော မြန်မာဘာသာစာပေကိုပါ အနုစိတ်အဆင့်မြင့်မတတ်ကျွမ်းသူများသာ ဖြစ်ကြသည်။ ထိုသို့ကြွေးကြော်မှုဂုဏ်ရှိခေတ်မီသည်ထင်ပြီး **'အော်'** နေသူများသာဖြစ်သည်။ ဘာသာစာပေတစ်ရပ်ကိုလေ့လာရာ၌ (၁) ပထမဘာသာစကားအဖြစ်လား၊ (၂) ဒုတိယဘာသာစကားအဖြစ် လားဆိုသည်ကို ခွဲခြားသိရှိရန် လိုအပ်သည်။ အင်္ဂလိပ်၊ အမေရိကန်လူမျိုး တစ်ယောက်က အင်္ဂလိပ်စာပေကို လေ့လာပုံနည်းနာနိသ္သယနှင့် ကျွန်တော်တို့ မြန်မာများက အင်္ဂလိပ်စာပေကို လေ့လာပုံနည်းနာနိသ္သယ သည် ကောင်းစွာခြားနား၏။ လုံးဝဥသုံမတူပေ။ အင်္ဂလိပ်၊ အမေရိကန်တစ်ယောက်က အင်္ဂလိပ်စာကို ပထမဘာသာစာပေအဖြစ် လေ့လာရသည်ဖြစ်၍ အင်္ဂလိပ်စာတစ်ကြောင်း၊ တစ်ပိုဒ်၊ တစ်အုပ်ကို ဖတ်သောအခါ ထိုစာက ဘာပြောသည်၊ ဘာဆိုလိုသည် (ဝါ) မိမိဘယ်လိုနားလည်သည်ကို အင်္ဂလိပ်လိုသာစဉ်းစားရမည်မှာ မလွဲ။ တခြားဘာသာစကားကိုမှ သူမတတ်ပေပဲကိုး။ အခြားဘာသာစကားကို သူမတတ်သဖြင့် အင်္ဂလိပ်စာရေးသောအခါတွင်လည်း အင်္ဂလိပ်လိုသာတွေးပြီး ရေးရမည်ဖြစ်၏။ ကျွန်တော်တို့ကတော့ မြန်မာမိဘများမှ ပေါက်ဖွား လာသော မြန်မာများဖြစ်ကြသည်နှင့်အညီ အင်္ဂလိပ်စာသည် ကျွန်တော် တို့၏ ဒုတိယဘာသာစကားဖြစ်သောကြောင့် သဘာဝအတိုင်း မြန်မာလိုသာ စဉ်းစားမည်ဖြစ်၏။

mgyoe.com

မြန်မာလိုသာတွေးမည်ဖြစ်၏။ ပြီးတော့မှ မြန်မာ့အတွေးကို **အင်္ဂလိပ်နည်းဖြင့်ပြောမည်၊ အင်္ဂလိပ်နည်းဖြင့်ရေးမည်၊** မြန်မာဝါကျ ဖွဲ့ထုံးအတိုင်း စကားလုံးတွေကို အစီအစဉ်ချလို့မဖြစ်။ ဥပမာ 'လထဲက အဘိုးအို' ဆိုသည့် မြန်မာ့အတွေးပေါ်လာပြီဆိုပါတော့။ အဲဒီအတိုင်း ထပ်တူ 'in the moon the old man'ဟု ပြောရရေးရမည်ဟု တင်ပြနေ ခြင်းမဟုတ်ကြောင်း အဲလေးအနက်သဘောပေါက်စေလိုပါသည်၊ မြန်မာက မြန်မာ့နည်း၊ အင်္ဂလိပ်က အင်္ဂလိပ်နည်းဖြစ်သည်နှင့်အညီ ' the old man in the moon' ဟူ၍ စကားလုံးအစီအစဉ် ရှေ့နောက်ပြောင်း သွားမည်ဖြစ်သည်။ ဆက်လက်၍ အကျယ်သဘောပေါက်နိုင်ပါပြီ။ စာရေးပြီးပြောပြနေရလို့သာ ကြာသလိုဖြစ်နေသည်။ စာတွေ့လေ့ကျင့်၍ တတ်ကျွမ်းသွားသောအခါ လျှပ်စစ်မီးခလုတ်ကို နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက် လျှပ်စစ်မီးလုံးပွင့်လာသလို လျင်မြန်လှသည်။ မိမိ၏စိတ်က 'တွေး'လို့မှ တွေးလိုက်မှန်းမသိ။ မစဉ်းစားဘဲ နှုတ်မှ သို့မဟုတ် လက်မှ 'အော်တိုမက် တစ်' ထွက်သွားသည်ဟုပင် ထင်ဖွယ်ရှိသည်။ တကယ်တော့ ရုပ်သည် စိတ်ကမခိုင်းစေဘဲ လှုပ်ရှားလုပ်ဆောင်သည်မဟုတ်။ ဒါကိုတချို့က "ငါတို့တော့ အင်္ဂလိပ်စကား ပြော/ရေးတဲ့အခါ စဉ်းစားမနေပါဘူး။ နှုတ်/လက်က အလိုလိုထွက်သွားတာပဲ" ဟု ပြောတတ်ကြသည်။ မြန်မာလိုမစဉ်းစားရန် ဟန့်တားတတ်ကြသည်။ မြန်မာလိုစဉ်းစားသည့်အတွက် အင်္ဂလိပ်စာအရေး၊ အပြောမှားကုန်ကြောင်း ချဉ်ဒပေးတတ်ကြသည်၊ **ထိုစကားမှန်ပါတအင်္ဂလိပ် လူမျိုးတွေမှန်သမျှ အင်္ဂလိပ်စကားပြောတိုင်းရေးတိုင်းမှန်ရမည်။ သူတို့သည် အင်္ဂလိပ်လို သာတွေးပြီး ပြောကြရေးကြသည်မှာ သေချာသည်။ လက်တွေ့၌စာတတ် ပေတတ်အင်္ဂလိပ်သာလျှင် အင်္ဂလိပ်စကားပြောရာ၊ အင်္ဂလိပ်စာ ရေးရာမှာ မှန်ကန်ကြပါ၏။စာမတတ်သော အင်္ဂလိပ်များ စကားပြောရာ၊ စာရေးရာမှာ အဆင့်အတန်းဖြင့်ဖြင့် မှန်မှန်ကန်ကန် ရေးနိုင်ပြောနိုင်ခြင်း မရှိကြပေ။ လိုရင်းချုပ်ရလျှင် မြန်မာတစ်ယောက် အင်္ဂလိပ် စကားပြောရာ ရေးရာမှာလွဲမှားခြင်းသည် မြန်မာလိုတွေးသောကြောင့် မဟုတ်။ မြန်မာစာပေနှင့် ရေးနည်းပြောနည်းမတူသည့် အင်္ဂလိပ်စာပေရေးနည်း ပြောနည်းများနှင့် အသုံးအနှုန်းများကို မသိသောကြောင့်သာ ဖြစ်သည်။** ခေတ်သစ် အင်္ဂလိပ်ဘာသာစာပေ၏ အထင်ရှား၊ အကျော်ကြားဆုံး

ဆရာကြီးဖြစ်သူ **A.S.HORNBY**ကလည်း အုပ်တွဲများနှင့် ရေးသား ထုတ်ဝေသော သူ၏ **THE TEACHING OF STRUCTURAL WORDS AND SENTENCE PATTERNS** စာအုပ်များထဲတွင် အင်္ဂလိပ်စာအင်္ဂလိပ်စကား ရေးနည်းပြောနည်းများကို အထူးအလေး အနက်ထားပြီး သင်ကြားပို့ချသည်။ အနုစိတ် အသေးစိတ်ရှင်းပြသည်။ **အင်္ဂလိပ်စာသင်ကြားပို့ချသူများအား ရှင်းလင်းချက် (EXPLANATION) ပေးသည့်အပိုင်းများတွင် မိမိတို့၏ တိုင်းရင်းဘာသာစကား (ဝါ) ပထမဘာသာစကားတို့အသုံးပြုလျက် တပည့်များကိုသင်ကြား ပို့ချရန်ပင် ဆရာကြီးဟွန်ဘီက အားပေးသည်။** ဆိုလိုသည်မှာမြန်မာများကို အင်္ဂလိပ် စာသင်ကြားပေးသော အခါမှာ ရှင်းပြသည့်အပိုင်းတွင် အင်္ဂလိပ်လို ရှင်းပြနေခြင်းထက် မြန်မာလိုရှင်းပြခြင်းက ပိုမိုထိရောက်လျင်မြန်သည်။ ကျွန်တော်သည် ၁၉၅၃ ခု၊ ဇွန်လမှစ၍ ၂၀၀၃ ခုနှစ် ယခု အထိ မြန်မာများကို အင်္ဂလိပ်စာသင်ကြားပြသလျက်ရှိရာ အတွေ့အကြုံ အနှစ် (၅၀)တင်းတင်းပြည့်ပြီ ဖြစ်ပါသည်။ ဆရာကြီးဟွန်ဘီ၏ စကားမှန်ကန်လှကြောင်း ဝမ်းမြောက်ဖွယ် လက်တွေ့သိရှိရပါသည်။ ကျွန်တော်သည် အင်္ဂလိပ်စာအုပ်ပေါင်း အမြောက် အမြားကိုလည်း လွန်ခဲ့သောနှစ်ပေါင်း (၄၀)မှစ၍ ထုတ်ဝေပြီးဖြစ်သည့်အလျောက် လူငယ်လူလတ်တပည့်ပေါင်းများစွာတို့က ဘာသာပြန်သင်တန်းများ စီစဉ်ပို့ချရန် တိုက်တွန်းကြပါသည်။ အသက်အရွယ်အရ ဘာသာပြန်သင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားပို့ချနိုင်လောက်အောင် အပင်ပန်းခံနိုင်စွမ်းမရှိတော့ပါကြောင်း စိတ်မကောင်းစွာ အသိပေးလို ပါသည်။

ထိုပုဂ္ဂိုလ်များအား ကျွန်တော်၏ ဤ **'မရှိမဖြစ် အင်္ဂလိပ်အတွေး အတွေ့ရာများ'** စာအုပ်နှင့် အခြားထွက်ပြီး စာအုပ်ထွက်အံ့စာအုပ်များကို အင်္ဂလိပ်စာတစ်ကြောင်း မြန်မာစာတစ်ကြောင်း တိုက်ကြည့်ကာ ကျားကုတ် ကျားခဲ အချိန်ယူလေ့လာပါက ဘာသာပြန်အတတ်ပညာကို နားလည်သဘော ပေါက်နိုင်ပါကြောင်း အကြံပြုအပ်ပါသည်။

(စိုးမြိုင်)

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# A

## ABOUT

## ခန့်လောက်

Look here for . . .

ဤနေရာ၌ တစ်စုံတစ်ခုကို ရှာဖွေသည်။

- about a person or subject
  လူတစ်ယောက် သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်၏ အကြောင်း
- not exact
  အတိအကျ မဟုတ်သော၊ ခန့်လောက်

### 1 about a person or subject

**လူတစ်ယောက် သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်၏အကြောင်း**

**about** *(preposition)* concerned with a particular subject or person: တစ်ခုသောအကြောင်းအရာ သို့မဟုတ် လူတစ်ယောက်နှင့်ပတ်သက်၍။ *She talks about him all the time.* သူမသည် တစ်ချိန်လုံး သူ့အကြောင်းကို ပြောကြားသည်။ *I'm reading a story about some children who got lost on a mountain.* ကျွန်ုပ်သည် တောင်တစ်တောင်ပေါ်တွင် ပျောက်ဆုံးသွားခဲ့သော ကလေးအချို့၏အကြောင်း(ဝါ) ပတ်သက်သော ဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ရှုနေသည်။ *I've been thinking about what you said, and I've decided that you're right.* ကျွန်ုပ်သည် သင်ပြောကြားခဲ့သည်တို့ကို စဉ်းစားလျက်ရှိခဲ့ပြီး၍ သင်မှန်ကန်သည်ဟု ဆုံးဖြတ်လိုက်ပါပြီ။ *Does any-*

mgyoe.com

.com

*one have any questions about tonight's homework?* ဒီည အိမ်စာတွေနဲ့ပတ်သက်ပြီး မေးစရာမေးခွန်းအချို့ တစ်ယောက်ယောက်မှာ ရှိသလား။

**be about** နှင့် ပတ်သက်၍ ဖြစ်သည်။ . . . ၏ အကြောင်းဖြစ်သည်။ *"It's a really good film."* ဒါဟာ တကယ့်ကိုကောင်းတဲ့ ရုပ်ရှင်တစ်ခုဖြစ်တယ်။ *"What's it about?"* ဘာအကြောင်းလဲ။ *"It's about some students in New York."* နယူးယောက်မြို့က ကျောင်းသားအချို့ရဲ့ အကြောင်းပဲ။

**on** *(preposition)* about a particular subject: တစ်ခုသောဘာသာရပ်၏အကြောင်း။ *He is writing a book on 18th century European literature.* သူသည် (၁၈)ရာစု ဥရောပစာပေအကြောင်း စာအုပ်တစ်အုပ် ရေးသားနေသည်။ *Professor Dodd is giving a lecture on medieval history.* ပါမောက္ခဒေါ့(ဒ်)သည် အလယ်ခေတ်သမိုင်းအကြောင်း ဟောပြောနေသည်။

**option/ideas/views on** အယူအဆများ၊ စိတ်ကူးများ၊ အမြင်များအပေါ်။ *a survey of young people's opinions on marriage:* လက်ထပ်မင်္ဂလာဆောင်နှင်းခြင်း (ဝါ) အိမ်ထောင်ပြုခြင်းအပေါ် လူငယ်များသဘောထားအယူအဆကို လေ့လာခြင်း

**+ how/why/what etc** ဘယ်လို/ဘာကြောင့်/ ဘာစသည် *We would like to hear your views on how services could be improved.* ဝန်ဆောင်မှုလုပ်ငန်းများ ဘယ်လိုတိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ရမည်ဆိုသည့်အပေါ် ခင်ဗျား၏အမြင်များကို ကျွန်တော်တို့ ကြားသိချင်ပါသည်။

.com

mgyoe.com

⚠ Don't use **on** to talk about books, films etc that tell stories. Use it about more serious subject or opinions.

ဇာတ်လမ်းများပြောပြသော စာအုပ်များ၊ ရုပ်ရှင်များနှင့် ပတ်သက်၍ **on** ကို မသုံးပါနှင့်၊ ပိုမိုလေးနက်သော ဘာသာရပ် အကြောင်းအရာများ၊ အယူအဆများအတွက်သာ သုံးပါ။

**concerning/regarding** *(preposition)* FORMAL about-use this to talk about information, ideas, questions, or discussions, not to talk about books, films, or stories: ပတ်သက်၍- ဤအသုံးအနှုန်းကို သတင်းအချက်အလက်များ၊ စိတ်ကူးစိတ်သန်းများ၊ အမေးပြဿနာများ သို့မဟုတ် ဆွေးနွေးချက်များနှင့် ပတ်သက်၍သုံးပါ။ စာအုပ်များ၊ ရုပ်ရှင်များ သို့မဟုတ် ဇာတ်လမ်းဝတ္ထုများနှင့်ပတ်သက်၍ မသုံးပါနှင့်။ *The police have new information concerning the identity of the murder victim.* ရဲများသည် အသတ်ခံရသူ ဘယ်သူဘယ်ဝါဖြစ်ကြောင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်သစ်ရရှိသည်။ *Thank you for your letter regarding my student loan.* ငါရဲ့ ပညာသင်ချေးငွေနဲ့ပတ်သက်ပြီး မင်း စာရေးအသိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**deal with sth** *(phrasal verb* T*)* if a book, film, play etc deals with a subject it is about that subject: စာအုပ်တစ်အုပ်၊ ရုပ်ရှင်၊ ပြဇာတ်တစ်ခုသည် အကြောင်းအရာတစ်ရပ်ကို တင်ပြလျှင် ထိုအကြောင်းအရာနှင့်ပတ်သက်သည်ဟု ဆိုရမည်ဖြစ်သည်။ *The story deals with the problems of poverty and unemployment.* ဝတ္ထုဇာတ်လမ်းသည် ဆင်းရဲမွဲတေ



mgyoe.com

com

ခြင်းနှင့် အလုပ်လက်မဲ့ဖြစ်ခြင်းတို့၏ပြဿနာကို တင်ပြထားသည်။ *The earliest films made in India dealt with religious subjects.* အိန္ဒိယပြည်တွင် ထုတ်လုပ်ရိုက်ကူးသည့် အစောဆုံးရုပ်ရှင်ကားများသည် ဘာသာရေးအကြောင်းအရာများနှင့် ပတ်သက်ခဲ့သည်။

⚠ Only use **deal with** about serious subjects or problems.

**deal with** ကို လေးနက်သော အကြောင်းအရာများ၊ ပြဿနာများနှင့်တွဲ၍သာ သုံးပါ။

**2** not an exact number or amount

မတိကျသော ကိန်းဂဏန်းအရေအတွက် သို့မဟုတ် ပမာဏ

**about** (also **around** especially AMERICAN)*(adv)* a little more or a little less than a number, amount, distance, or time: ကိန်းဂဏန်း၊ ပမာဏ၊ အကွာအဝေး သို့မဟုတ် အချိန်ကာလတစ်ခုထက်နည်းသော သို့မဟုတ် များသော။ ခန့် လောက်။ *The church is about a mile away.* ခရစ်ယာန်ဘုရားရှိခိုးကျောင်းသည် တစ်မိုင်လောက်ဝေးသည်။ *It's about two years since I last saw him.* ငါသူ့ကို နောက်ဆုံးတွေ့မြင်ခဲ့တာ နှစ်နှစ်အကြာလောက်ကတည်းက ဖြစ်တယ်။ *"What time would you like me to come?"* မင်းငါ့ကို ဘယ်အချိန်လာစေချင်သလဲ။ *"Oh, about 9 o'clock."* အို . . . ၉ နာရီလောက်ပေါ့။ *The murder was committed at around noon on Friday.* လူသတ်မှုကို သောကြာနေ့မွန်းတည့်ချိန်ဝန်းကျင်ခန့်မှာ ကျူးလွန်ခဲ့သည်။ *It cost around one thou-*

mgyee.com

mgyoe.com

*sand and five hundred dollars.* ထိုဟာသည် ဒေါ်လာ ၁၅၀၀ ခန့်လောက်ကုန်ကျခဲ့သည်။

**approximately***(adv)* a little more or a little less than a number, amount, distance, or time: ကိန်းဂဏန်း၊ ပမာဏ၊ အကွာအဝေး၊ သို့မဟုတ် အချိန်ကာလတစ်ခုထက် အနည်းငယ် နည်းသော သို့မဟုတ် များသော၊ ခန့်လောက်၊ ခန့်မှန်းခြေအားဖြင့်။ *Each disk can store approximately 144 pages of text.* ဒစ်ခ်ချပ်တစ်ခုတိုင်းသည် ခန့်မှန်းခြေအားဖြင့် စာမျက်နှာ ၁၄၄ မျက်နှာ သိမ်းဆည်းထားနိုင်သည်။

**Approximately** is more formal than **about** or **aronnd**, and is mostly used in writing.

လိုရင်းမှာ . . . ဤအသုံးအနှုန်းသည် **about** သို့မဟုတ် **around** ထက်ပိုမို၍ စည်းကမ်းစနစ်အတိုင်းဖြစ်၍ အများအားဖြင့် စာရေးသားရာမှာ သုံးသည်။

**roughly***(adv)* a little more or a little less than a number- use this when you are making a guess which you know is not at all exact: ကိန်းဂဏန်းတစ်ခုထက် အနည်းငယ်ပိုသော သို့မဟုတ် အနည်းငယ်လျော့သော၊ လုံးဝအတိအကျမဟုတ်ဟု သင်သိရှိထားသော ခန့်မှန်းချက်တစ်ရပ်ကို ထုတ်ဖော်ရာတွင် သုံးပါ။ *A new computer like this one would cost roughly $ 2000.* ဤကဲ့သို့သော ကွန်ပျူတာအသစ်တစ်လုံးသည် အကြမ်းဖျင်းအားဖြင့် ဒေါ်လာ ၂၀၀၀ ခန့် တန်ဖိုးရှိလိမ့်မည်။ *There were roughly 50 people there.* ဟိုမှာ အကြမ်းဖျင်းအားဖြင့် လူ ၅၀ ရှိခဲ့သည်။

mgyoe.com

**or so** သို့မဟုတ် ခန့်လောက်၊ use this after a number or amount to show that it may be a little more or a little less: ကိန်းဂဏန်း သို့မဟုတ် ပမာဏတစ်ခု၏ နောက်မှာထားရှိကာ အနည်းငယ်ပိုမိုများဖွယ်၊ သို့မဟုတ် အနည်းငယ် လျော့နည်းဖွယ်ရှိကြောင်း ပြဆိုရန်အတွက်သုံးပါ။ *"How many people are coming."*. လူဘယ်လောက် များများလာမလဲ။ *"Oh, about a dozen or so."*, အို . . . တစ်ဒါဇင် သို့မဟုတ် တစ်ဒါဇင်ခန့်လောက်ဖြစ်မယ်။ *A month or so later, they heard that Blake was dead.* တစ်လ တစ်လခန့်လောက်အကြာမှာ ဘလိတ်သေဆုံးခဲ့ကြောင်း သူတို့ကြားသိခဲ့သည်။

**give or take** လိုချင်လိုမယ်၊ ပိုချင်ပိုမယ်၊ give or take a few days/miles/dollars etc အနည်းငယ်သောရက်များ/မိုင်များ/ဒေါ်လာများစသည် လိုချင်လိုမယ်၊ ပိုချင်ပိုမယ်။ (လိုနိုင်ပိုနိုင်ကြောင်း ဖော်ပြလိုခြင်း ဖြစ်သည်။)

ESPECIALLY SPOKEN Use this after a number, to show that it is not exact but it is nearly correct: အတိအကျမဖော်ပြနိုင်၊ သို့သော် အနီးကပ်ဆုံးတော့ မှန်ကန်ကြောင်းပြောလိုသောအခါမှာ ဤအသုံးအနှုန်းကို ကိန်းဂဏန်းတစ်ခု၏နောက်တွင်ထားရှိ၍ သုံးပါ။ *She's been working there for two years, give or take a few weeks.* သူမဟိုမှာ အလုပ်လုပ်နေတာ ၂ နှစ်ကြာပြီကွ။ အလိုအပို အပတ်အနည်းငယ်တော့ ရှိမှာပေါ့။

Essential Activator
Essential Activator
Essential Activator

mgyoe.com

# ACCEPT

## လက်ခံသည်

➥ accept an offer or gift
ကမ်းလှမ်းချက်တစ်ရပ် သို့မဟုတ် လက်ဆောင်ကို လက်ခံသည်။

➥ accept an idea or suggestion
စိတ်ကူးတစ်ခု သို့မဟုတ် အကြံပေးချက်ကိုလက်ခံသည်။

➥ accept a situation that you cannot change
သင် မပြောင်းလဲနိုင်သော အခြေအနေတစ်ရပ်ကို လက်ခံသည်။

**1** to accept an offer, invitation, or request
ကမ်းလှမ်းချက်၊ ဖိတ်ကြားချက် သို့မဟုတ် ပန်ကြားချက်ကို လက်ခံသည်

➥ **opposite** REFUSE
ဆန့်ကျင်ဘက် ငြင်းဆန်သည်

**accept** [*v* T] to say yes to an offer, an invitation or a chance to do something: ကမ်းလှမ်းချက်၊ ဖိတ်ကြားချက် သို့မဟုတ် အခွင့်အရေးတစ်ရပ်ကို လုပ်ဆောင်ရန် လက်ခံသည်။ *I decided to accept the job.* ကျွန်ုပ်သည်အလုပ်ကို လက်ခံရန် ဆုံးဖြတ်ခဲ့သည်။ *The President has accepted an invitation to visit Beijing.* သမ္မတသည် ဘီဂျင်းသို့လာရောက်ရန် ဖိတ်ကြားချက်ကို လက်ခံလိုက်ပြီ။ *If they offered you a place on the course, would you accept it?* သူတို့က ခင်ဗျားကို နေရာတစ်ခု အလုပ်ခွင်မှာကမ်းလှမ်းရင် ခင်ဗျား လက်ခံမလား။

mgyoe.com

mgyee.com

⚠ *Don't say 'I accepted to do it.' Say 'I agreed to do it.'*

လုပ်ဆောင်ရန် လက်ခံခဲ့တယ်လို့ **accepted** နဲ့ မပြောပါနဲ့။ သဘောတူခဲ့တယ်လို့ **agreed** နဲ့ပြောပါ။

**take** [*v* T ] If you **take** an opportunity or a job that someone offers you, you accept it: သင်သည် တစ်စုံတစ်ယောက်က သင့်ကို ကမ်းလှမ်းသည့် အခွင့်အရေး သို့မဟုတ်အလုပ်ကိုရယူလိုက်လျှင် ထိုဟာကို လက်ခံခြင်းဖြစ်သည်။ *He says he'll take the job if the money's right.* ငွေကြေးကောင်းကောင်းရလျှင် အလုပ်ကိုလက်ခံမည်ဟု သူကပြောသည်။ *This is a wonderful opportunity. I think you should take it.* ဒါဟာ အံ့သြစရာကောင်းတဲ့ အခွင့်အရေးတစ်ရပ်ပဲ။ ခင်ဗျားလက်ခံသင့်တယ်လို့ ကျွန်တော်ထင်တယ်။

⚠ *Take is more informal than **accept**.*

ဒီသင်ခန်းစာရဲ့ လိုရင်းကတော့ **accept** နဲ့ ပြောမယ့်အစား **take** နဲ့ပြောလို့ရတယ်။ **take** က **accept** ထက်ပိုပြီး အရပ်သုံးစကား ဆန်တယ်လို့ ဆိုလိုခြင်းဖြစ်တယ်။

**say yes** ESPECIALLY SPOKEN to say you will do what someone has invited you to do or asked you to do: တစ်စုံတစ်ယောက်က သင့်ကိုပြုလုပ်ရန်ဖိတ်ကြားသည်ကို သို့မဟုတ် ပြောကြားသည်ကို 'အင်း၊ ဟုတ်ကဲ့'စသဖြင့် လက်ခံကြောင်း ဖြေကြားသည်။ အထူးသဖြင့် စကားပြောမှာသုံးသည်။ *We'd love you to come with us to France this summer. Please say yes.* ငါတို့နဲ့အတူ မင်း ပြင်သစ်ပြည်ကို ဒီနွေမှာ အရမ်းကို

လိုက်စေချင်တယ်ကွာ၊ ကျေးဇူးပြုပြီး အေး လိုက်မယ်လို့ ပြောနော်။ *He doesn't usually lend his CDs, so I was surpised when he said yes.* သူဟာ သူ့ CDတွေကို ငှားလေ့မရှိဘူး။ ဒါကြောင့် သူက အေး..ငှားမယ်လို့ပြောတဲ့အခါ ငါ တအံ့တသြ ဖြစ်ခဲ့တယ်။

**agree** [*v* T] to say you will do what someone has asked you to do, especially something that may be difficult, inconvenient etc: အထူးသဖြင့် ခက်ခဲဖွယ်၊ အဆင်မပြေဖွယ်ရှိသော တစ်စုံတစ်ခုကို တစ်ဦးတစ်ယောက်ကပြုလုပ်ရန် ပန်ကြားသောအခါ ပြုလုပ်မည်ဟုလက်ခံကြောင်း ဖြေကြားသည်။ သဘောတူသည်။ *They've asked me to attend the conference and I agreed.* သူတို့က ငါ့ကိုညီလာခံတက်ရောက်ရန် ပြောကြားခဲ့၍ ငါကသဘောတူညီခဲ့သည်။

**agree to do sth** *I wish I had never agreed to teach him to drive.* ငါသူ့ကို ကားမောင်းသင်ပေးဖို့ သဘောမတူခဲ့ရင် ကောင်းမှာပဲ။

**take sb up on sth/take up sb's offer** to accept someone's offer to do something for you, especially when you accept the offer some time after it was made: သင့်အတွက် တစ်စုံတစ်ခု ကူညီဆောင်ရွက်ပေးပါမည်ဟု တစ်ဦးတစ်ယောက်၏ ကမ်းလှမ်းချက်ကို လက်ခံသည်။ အထူးသဖြင့် ယင်းကဲ့သို့ ကမ်းလှမ်းပြီးနောက်ပိုင်းမှ လက်ခံတာမျိုးကို ဖော်ပြရာမှာ သုံးသည်။ *"If you need a babysitter, give me a call." "Thanks. I may take you up on that sometime."* "မင်းကလေးထိန်း လိုချင်ရင် ငါ့ဆီဖုန်းဆက်လိုက်" "ကျေးဇူး၊ မကြာ

ခင်တော့ အဲဒီကိစ္စအတွက် မင်းကို အကူအညီတောင်းရမှာပါ'' *In the end he took up his parents' offer of a loan.* နောက်ဆုံးမှာ သူ့မိဘရဲ့ ငွေချေးမယ်ဆိုတဲ့ ကမ်းလှမ်းချက်ကို သူလက်ခံခဲ့တယ်။ [**sb** = somebody, **sth** = something]

**2** to take money or a gift that someone offers you

တစ်ဦးတစ်ယောက်က ကမ်းလှမ်းသော ငွေကြေး သို့မဟုတ် လက်ဆောင်ကို လက်ခံသည်။

➔ **opposite** **REFUSE**
ဆန့်ကျင် ငြင်းဆန်

**take** [*v* T] to take something that someone offers you: တစ်ဦးတစ်ယောက်က ကမ်းလှမ်းသော တစ်စုံတစ်ခုကို ရယူ သည်။ *He gave us a lot of advice, but refused to take any payment for it.* သူသည် ကျွန်ုပ်တို့ကို အကြံဉာဏ်များစွာပေးခဲ့သည်။ သို့သော် အခကြေးငွေယူရန် ငြင်းဆန်ခဲ့သည်။

**take sth from sb** တစ်စုံတစ်ခုကို တစ်ဦးတစ်ယောက်ထံမှ ယူသည်။ *My mother always warned us never to take candy from strangers.* သူစိမ်းများထံမှ ချိုချဉ်သကြားလုံးများ ဘယ်တော့မှမယူရန် ငါ့အမေက ငါတို့ကို သတိပေးခဲ့သည်။

**take it or leave it** SPOKEN (used to tell someone that you will not change your offer) ယူချင်ယူ သို့မဟုတ် မယူချင်နေ။ *I'm offering you $100-take it or leave it.* ငါမင်းကို ဒေါ်လာ ၁၀၀ပေးမယ်၊ လုပ်ချင်လုပ် မလုပ်ချင်လဲနေ။

**accept** [*v* T] to take money or a gift from someone: တစ်ဦးတစ်ယောက်ထံမှ ပိုက်ဆံ သို့မဟုတ် လက်ဆောင်ရယူသည်။ *We hope you'll accept this small gift.* ဒီလက်ဆောင်ကလေးကို ခင်ဗျားလက်ခံလိမ့်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ *The*

mgyaw.com

*hotel accepts all major credit cards.* ဟိုတယ်သည် အထိကရဘဏ်တိုက်များ၏ ကရက်ဒစ်ကတ်အားလုံးကို လက်ခံသည်။ **accept sth from sb** တစ်စုံတစ်ခုကို တစ်ဦးတစ်ယောက်ထံမှ လက်ခံသည်။ *The director was accused of accepting bribes from oil companies.* ဒါရိုက်တာလူကြီးသည် ရေနံကုမ္ပဏီများမှ လာဘ်စားသည်ဟု စွပ်စွဲခြင်းခံခဲ့ရသည်။

⚠ *Accept is more formal than take.*

Accept က take ထက် ပိုမိုသမားရိုးကျဆန်သည်။

**3** to agree that a suggestion or idea is right

အကြံပေးချက် သို့မဟုတ် စိတ်ကူးတစ်ခုမှန်ကန်ကြောင်း သဘောတူသည်။

➡ **opposite** DISAGREE AGAINST
ဆန့်ကျင်ဘက် သဘောမတူ ဆန့်ကျင်သည်

➡ **see also** SAYING YES AGREEING
'အင်း' ဟု ပြောသည်။ သဘောတူသည်။

**SUGGESTION** အကြံပေးချက်များ

**accept** [*v* T] to agree that a suggestion or idea is right, especially when you did not previously think so: အထူးသဖြင့် အစပထမ သဘောမကျ လက်မခံလိုသော အကြံပေးချက် သို့မဟုတ် စိတ်ကူးစသော အချက်တစ်ရပ်ကို စိတ်ပြောင်းလဲလက်ခံ သဘောတူလာသည်။ People are beginning to accept the idea that higher taxes may be necessary.ပိုမိုမြင့်မားသော အကောက်ခွန်များပေးဆောင်ရန် လိုအပ်သည်ဟူသော စိတ်ကူးအယူအဆကို ပြည်သူများ စတင်လက်ခံလာကြသည်။

**+ that** ဟု၊ ကြောင်းစသဖြင့် နာမ်စကားစုလိုက်ပါသည်။ *The*

*judge accepted that Carter had not intended to harm anyone.* ကာတာသည် တစ်စုံတစ်ယောက်ကိုမျှ အန္တရာယ်ပေးရန် မရည်ရွယ်ခဲ့ကြောင်း တရားသူကြီးက လက်ခံယုံကြည်ခဲ့သည်။

**agree** [*v* T] to accept that a plan or suggestion is good, especially when you have the power to decide whether it will be allowed to happen: အကြောင်းကိစ္စတစ်ရပ်ကို ခွင့်ပြုရန်သင့်မသင့် ဆုံးဖြတ်နိုင်သောအာဏာ သင့်မှာရှိသော အခြေအနေမျိုးမှာ အထူးသဖြင့်အစီအစဉ် သို့မဟုတ် အကြံပေးချက်တစ်ရပ်ကို ကောင်းမွန်ကြောင်း သိမှတ်လက်ခံသည်။ *I spoke to my boss yesterday about postponing the meeting, and she agreed.* ကျွန်ုပ်က ကျွန်ုပ်၏သူဌေးကို အစည်းအဝေးရွှေ့ဆိုင်းရေး မနေ့ကတင်ပြ၍ သူမက သဘောတူညီခဲ့သည်။

**+ to** +ရန်၊ စကားစုလိုက်ပါသည်။ *We want to have a big party, but I don't think my parents will agree to it.* ငါတို့က ညည့်ခံပွဲကြီးကြီး ကျင်းပလိုတယ်။ ဒါပေမယ့် ငါ့မိဘတွေက သဘောတူလိမ့်မယ်လို့ ငါ မထင်ဘူး။

**+ that** +ဟု၊ ကြောင်းစသဖြင့် နာမ်စကားစု။ *Everyone agreed that Dave should play at the school concert.* ဒေ့(ဗ်) ကျောင်းကပွဲမှာ ကပြသင့်တယ်လို့ လူတိုင်းသဘောတူခဲ့တယ်။

**welcome** [*v* T] to think that a plan, suggestion, or decision is very good and eagerly accept it: အစီအစဉ်၊ အကြံပေးချက်၊ ဆုံးဖြတ်ချက်စသည်ကို အလွန်ကောင်းမွန်သည်ဟု ယူဆလျက် စိတ်အားထက်သန်စွာ လက်ခံကြိုဆိုကြသည်။

**be warmly welcomed** = လှိုက်လှဲနွေးထွေးစွာ လက်ခံကြိုဆိုသည်။ *These new proposals were warmly welcomed*

mgyoe.com
*by the German Chancellor.* ဤအဆိုပြုချက်အသစ်များကို ဂျာမန်ဝန်ကြီးချုပ်က လှိုက်လှိုက်လှဲလှဲ လက်ခံကြိုဆိုခဲ့သည်။

**4** to accept a situation which you do not like

**သင်မနှစ်သက်သော အခြေအနေတစ်ရပ်ကို လက်ခံသည်။**

**accept** [*v* T] to accept a situation which you do not like but you cannot change: သင်မကြိုက်သော်လည်း အခြားပြောင်းလဲစရာ မရှိသဖြင့် အောင့်အောင့်သက်သက်ဖြင့် လက်ခံရသည်။ *There's nothing we can do-we have to accept the voters' decision.* ကျွန်ုပ်တို့ဘာမျှလုပ်စရာ မရှိပါ။ မဲဆန္ဒရှင်များ၏ အဆုံးအဖြတ်ကို လက်ခံရမည်သာဖြစ်ပါတယ်။

**+ that** +ဟု၊ ကြောင်း စသည့် နာမ်စကားစု။ *Local people have reluctantly accepted that the airport will have to be extended.* လေဆိပ်တိုးချဲ့မည်ဆိုသည်ကို ဒေသခံလူများ (အနီးအနားၥ်နေသူများ) မကျေမနပ်ဖြင့် လက်ခံကြရသည်။

**put up with sth** [*v* T] to accept an annoying situation or someone's annoying behaviour, without trying to stop it or change it: ရပ်တန့်အောင် သို့မဟုတ် ပြောင်းလဲသွားအောင် မကြိုးပမ်းဘဲ အနှောင့်အယှက်ပေးသော အခြေအနေသို့မဟုတ် တစ်ဦးတစ်ယောက်၏ အနှောင့်အယှက်ပေးသော အပြုအမူကို အောင့်အည်းသည်းခံသည်။ *I don't know how you put up with all this noise day after day.* သင်သည် ဤဆူညံသံကို မည်ကဲ့သို့ တစ်နေ့ပြီးတစ်နေ့ (နေ့စဉ်နှင့်အမျှ) သည်းခံနိုင်သည်ကို ကျွန်ုပ်မတွေးတတ်ပါ။ *You see what I have to put up with-the kids never stop quarrelling.* ငါဘာကို သည်းခံနေရတယ်ဆိုတာ မင်းသိပြီ။ ကလေးတွေက ဘယ်တော့မှရန်ဖြစ်


mgyoe.com

mgyoe.com

မရပ်ဘူး။ (အမြဲမရပ်မနား ရန်ဖြစ်နေကြတာ)။

**tolerate** [*v*T] to accept an unpleasant situation, without trying to change it: နှစ်လိုဖွယ်မရှိသော အခြေအနေ တစ်ရပ်ကို ပြောင်းလဲသွားစေရန် မကြိုးပမ်းဘဲ လက်ခံသည်။ *For years the workers have to tolerate the low wages and terrible working conditions.* နှစ်ပေါင်းများစွာကြာအောင် အလုပ်သမားများသည် လုပ်ခနည်းခြင်းနှင့် ဆိုးရွားသော လုပ်ငန်းခွင် အခြေအနေများကို အောင့်အည်းသည်းခံခဲ့ရသည်။ *I don't know why his mother tolerates his behaviour.* ဘာကြောင့် သူ့အပြုအမူကို သူ့အမေက သည်းခံနေသလဲဆိုတာ ငါမသိဘူး သို့မဟုတ် စဉ်းစားလို့မရဘူး။

> ⚠ **Tolerate** is more formal that **put up with sth.**

tolerate က put up with sth ထက် ပိုမိုသမားရိုးကျဆန်သည်။

**live with sth** [*v*T] to accept an unpleasant situation as a permanent part of your life which you cannot change: နှစ်လိုဖွယ်မရှိသော အခြေအနေတစ်ရပ်ကို ပြောင်းလဲအောင်ပြုလုပ်ခြင်းငှာ မစွမ်းနိုင်သဖြင့် သင့်ဘဝ၏ ထာဝရအစိတ်အပိုင်းအဖြစ်သည်းခံ၍ လက်ခံနေထိုင်သည်။ *You have to learn to live with stress.* သင်သည် စိတ်အနှောင့်အယှက်ဖြစ်မှုနှင့် ဒွန်တွဲနေတတ်ရန် လိုအပ်သည်။ (ထိုကဲ့သို့နေတတ်ရန် မိမိ၏စိတ်ကိုလေ့ကျင့်ဖို့လိုကြောင်း ပြောလိုရင်း ဖြစ်သည်။) *We don't really like the new system, but I suppose we'll just have to live with it.* ကျွန်ုပ်တို့သည် စနစ်သစ်ကိုတကယ်


mgyoe.com

စင်စစ် မကြိုက်ကြပေ။ သို့သော်လည်း ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နေထိုင်တတ်ရန်လိုသည်ဟု ကျွန်ုပ် ထင်မြင်ပါသည်။

**be resigned to sth** [*v* T] to realize that you must accept an unpleasant situation, because you cannot prevent it or avoid it. သင်သည် မကာကွယ်နိုင် သို့မဟုတ် မရှောင်ရှားနိုင်သောကြောင့် မလိုလားအပ်သော အခြေအနေတစ်ရပ်ကို လက်ခံရမည်ဟု သဘောပေါက်သည်။ *Joe is resigned to the fact that he will miss tomorrow's big race.* ဂျိုးသည် မနက်ဖြန်ကျင်းပမည့်ပြိုင်ပွဲကြီးကို လက်လွှတ်ရတော့မည်ဆိုသောအချက်ကို နားလည်သဘောပေါက်လက်ခံသည်။ *Pat knew her husband wasn't coming back and she was resigned being alone.* သူမ၏ခင်ပွန်းပြန်လာလိမ့်မည် မဟုတ်ကြောင်း သူမ သိရှိခဲ့၍ တစ်ယောက်တည်းနေရမည်ကို ပက်(တ်)သည် နားလည်သဘောပေါက်လက်ခံခဲ့သည်။

**make the best of it** [*v* T] INFORMAL to accept a situation that you do not like, and try to enjoy it or make it less bad: ပုံစံအတိုင်းမဟုတ်။ သင်မကြိုက်သော အခြေအနေတစ်ရပ်ကိုလက်ခံ၍ ထိုဟာကို ပျော်ရွှင်ခံစားနိုင်အောင် သို့မဟုတ် အဆိုး သက်သာအောင် ကြိုးစားလုပ်ဆောင်သည်။ *The school isn't the one I really wanted to go, but I suppose I'll just have to make the best of it.* ငါ တကယ်ပဲတက်ချင်တဲ့ ကျောင်းမျိုးတော့မဟုတ်ဘူး။ ဒါပေမယ့် ငါ့အတွက် အကောင်းဆုံးဖြစ်တယ်လို့ ခံယူနိုင်အောင် ကြိုးစားနှလုံးသွင်းရမှာပဲ။

**5** to officially accept a law or proposal

**တရားဥပဒေသစ် သို့မဟုတ် အတည်ပြုချက်သစ်တစ်ရပ်ကို တရားဝင်လက်ခံသည်။**

**pass**[*v* T] if a parliament or similar group **passes** a law or proposal, the members vote to accept it: ပါလီမန် သို့မဟုတ် အလားတူအစုအဖွဲ့တစ်ခုက ဥပဒေ သို့မဟုတ် အတည်ပြုချက်တစ်ရပ်ကိုတင်သွင်းလျှင် အဖွဲ့ဝင်တို့က မဲဆန္ဒပေးလက်ခံအတည်ပြုသည်။ *The State Assembly passed a law which banned smoking in public place.* အများပြည်သူရှိရာနေရာများ၌ ဆေးလိပ်သောက်ခြင်းကိုတားမြစ်သော ဥပဒေကို ပြည်နယ်လွှတ်တော်က တင်သွင်းအတည်ပြုခဲ့သည်။ *The bill was passed by 197 votes to 50.* ဥပဒေကြမ်းကို ၁၉၇ မဲ ၅၀ မဲဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

**approval** [*v* T] to officially accept something that has been planned to happen: ဖြစ်ပေါ်ရန် သို့မဟုတ် အတည်ပြု သုံးစွဲရန် စီစဉ်ထားရှိပြီးဖြစ်သော တစ်စုံတစ်ခုကို တရားဝင်လက်ခံသည်။ *The Medical Research Council said it could not approve the use of new drug.* ဆေးသုတေသနကောင်စီက အသစ်သောဆေးဝါးသုံးစွဲရေးကို လက်ခံအတည်မပြုနိုင်ဟု ပြောကြားခဲ့သည်။ *The deal has already been approved by shareholders.* ကုန်သွယ်ဆက်ဆံရေးကို အစုရှယ်ယာပိုင်ရှင်များက တရားဝင်အတည်ပြုထားပြီး ဖြစ်သည်။

**approval** [*n* U] when a suggestion or plan is officially accepted: အကြံပေးချက် သို့မဟုတ် အစီအစဉ်ကို တရားဝင်လက်ခံခြင်း။ *The parking proposals have been given the mayor's approval.* ကားရပ်တန့်ထားရှိရေး အဆိုပြုချက်



mgyee.com


များသည် မြို့တော်ဝန်၏ အတည်ပြုချက်ကို ရရှိပြီးပြီ။

# ACCIDENT

## မတော်တဆ ထိခိုက်ခြင်း

➡ if you mean 'by accident', go to ACCIDENTALLY

မတော်တဆ ဖြစ်ပျက်ထိခိုက်ကြောင်း ကြိယာဝိသေသနအဖြစ် ပြောလိုလျှင် accidentally ကို သုံးနိုင်သည်။




**1** at home, at work, when doing a sport etc

အိမ်မှာ၊ အလုပ်မှာ၊ အားကစားနေသောအခါစသည်

**accident** [*n* C] when someone gets hurt or something gets damaged, without anyone intending them to be: မည်သူကမျှမရည်စူးဘဲ တစ်ဦးတစ်ယောက် ထိခိုက်နာကျင်ခြင်း၊ တစ်ခုခု ထိခိုက်ပျက်စီးခြင်း။ *Jim was rushed to the hospital after an accident at work.* ဂျင်သည် အလုပ်၌ မတော်တဆထိခိုက်မှုဖြစ်ပြီးနောက် ဆေးရုံသို့ အမြန်ပို့ခြင်းခံခဲ့ရသည်။ **have an accident** မတော်တစ်ဆ ထိခိုက်မှုကို ရရှိသည်။

m...com

မတော်တဆထိခိုက်သည်။ *She had an accident while she was playing basketball and broken her arm.* သူမသည် ဘတ်(စ်)ကက်ဘောကစားနေခဲ့စဉ် မတော်တဆ ထိခိုက်မှုတစ်ခု ဖြစ်၍ လက်ကျိုးသွားခဲ့သည်။

**serious accident** အပြင်းအထန် မတော်တဆ ထိခိုက်မှု။ *The park was now closed following a serious accident last week.* ပြီးခဲ့သည့်အပတ်က အပြင်းအထန် မတော်တဆ ထိခိုက်မှု ဖြစ်ခဲ့သောကြောင့် ပန်းခြံကို ယခုပိတ်ထားခဲ့သည်။

**riding/climbing/skiing etc accident** မြင်းစီး၊ တောင်တက်၊ လျှောစီးစဉ် မတော်တဆဖြစ်ခြင်း။ *Greg has been unable to walk since he was injured in riding accident.* ဂရက်(ခ်)သည် မြင်းစီးစဉ် မတော်တဆထိခိုက်မိခဲ့ချိန်ကတည်းက လမ်းမလျှောက်နိုင်ဖြစ်လျက် ရှိခဲ့သည်။

**2** in a car, train, plane etc

ကား၊ ရထား၊ လေယာဉ် စသည့်ထဲမှာ

**accident** [*n* C] when a car, train etc hits an object, a person, or another vehicle: ကား၊ ရထားစသည်က အရာဝတ္ထု၊ လူ သို့မဟုတ် အခြားယာဉ်ကို မတော်တဆတိုက်မိခြင်း

*The accident was caused by someone driving too fast.* မတော်တဆတိုက်ခိုက်မှုသည် တရားလွန် လျင်မြန်လွန်းစွာ မောင်းနှင်လာသူ တစ်ဦးတစ်ယောက်ကြောင့် ဖြစ်ပွားခဲ့ရသည်။

**have an accident** မတော်တဆ ထိခိုက်မှုဖြစ်သည်။ *Sue won't be able to come tonight – she had an accident on the way home.* 'ဆူး' ဒီညလာလိမ့်မယ် မဟုတ်ဘူး။ (လာမှာ မဟုတ်ဘူး။) အိမ်အပြန်လမ်းမှာ သူမ မတော်တဆထိခိုက်မှု

mgyoe.com
ဖြစ်ခဲ့တယ်။

**bad/serious accident** ဆိုးရွားပြင်းထန်သော မတော်တဆထိခိုက်မှု။ *There are delays on the main road into town following a serious accident.* ပြင်းထန်သော မတော်တဆတိုက်ခိုက်မှု ဖြစ်ခဲ့သဖြင့် မြို့တွင်းသို့ဝင်သော အဓိကလမ်းမကြီး၌ ကြန့်ကြာမှုများ ဖြစ်ပေါ်နေသည်။

**road / car accident** လမ်း၊ ကား မတော်တဆ တိုက်ခိုက်ဖြစ်ပေါ်မှု၊ *Road accidents are the biggest cause of death among young people.* လမ်းမကြီးများအပေါ် မတော်တဆထိခိုက်မှုများသည် လူငယ်များအကြား၌ အကြီးမားဆုံးသော အသက်ဆုံးရှုံးမှုများ၏ အကြောင်းရင်းဖြစ်သည်။

**crash** [*n* C] an accident in which a car, plane, train etc hits something and is badly damaged or destroyed: ကား၊ လေယာဉ်၊ ရထားစသည်က တစ်စုံတစ်ခုကို အပြင်းအထန်တိုက်မိပြီး အကြီးအကျယ်ပျက်စီးဆုံးရှုံးသော မတော်တဆ တိုက်ခိုက်မှု။ Wearing a seat belt can save your life in a crash. ထိုင်ခုံခါးပတ်ပတ်ထားခြင်းက သင်၏အသက်ကို ကာကွယ်နိုင်သည်

**plane/train/car crash** လေယာဉ်၊ ရထား၊ ကား တိုက်ခိုက်ပျက်စီးမှု။ *Her husband died in a plane crash in 1990.* သူမ၏ ခင်ပွန်းသည် လေယာဉ်တိုက်ခိုက်ပျက်စီးမှု၌ ၁၉၉၀ ခုတွင် သေဆုံးခဲ့သည်။

**have a crash/ be in a crash** (= in a car ) မတော်တဆတိုက်ခိုက်မှုဖြစ်သည်။ (= ကားတိုက်ခိုက်မှုမှာ ပါရှိသည်။) *He was in a car crash last week.* သူသည် ပြီးခဲ့သည့်အပတ်က

mgyoe.com

mgyoe.com

ကားတိုက်မှုထဲမှာ ပါဝင်ခဲ့သည်။

**crash** [*v* I/T] to have an accident in a car, train, etc by hitting something: တစ်စုံတစ်ခုကို တိုက်ခိုက်မိခြင်းဖြင့် ကား၊ ရထားစသည် ပျက်စီးသည်။ *The plane crashed just after take off.* လေယာဉ်သည်ပျံတက်ခါစ၌ တိုက်ခိုက်ပျက်စီးသွားခဲ့သည်။ *Prost lost control on the first bend and crashed.* ပရော့(စ်တ်)သည် ပထမလမ်းကွေ့၌ မထိန်းနိုင်ဖြစ်သွားခဲ့၍ ကားမှောက်ခဲ့သည်။ *Someone stole my car and crashed it.* တစ်စုံတစ်ယောက်သည် ကျွန်ုပ်၏ကားကို ခိုးယူသွားခဲ့ပြီး မှောက်ခဲ့သည်။

+ **into** (အထဲသို့) တိုက်သည်။ ဆိုလိုသည်မှာ ခေါင်းချင်းဆိုင်တိုက်သည်။ *The truck skidded across the road before crashing into a wall.* ထရပ်ကားသည် လမ်းကိုဖြတ်သန်းချော်ထွက်သွားပြီးနောက် အုတ်နံရံကို တိုက်မိခဲ့သည်။

> ⚠ Don't say "crash with something." say **crash into something.**
>
> တစ်စုံတစ်ခုကို တိုက်မိသည်ဟု ပြောလိုသောအခါ crash with ဟု မပြောနှင့်။ crash into ဟု ပြောပါ။

**wreck** [*n* C ]AMERICAN an acident involving a car, plane, train etc: ကား၊ လေယာဉ်၊ မီးရထားစသည့် ပါဝင်ပတ်သက်သော မတော်တဆတိုက်ခိုက်မှု အပျက်အစီးတစ်ရပ်။ *The wreck caused a 5-mile traffic jam.* ကား၊ လေယာဉ်၊ မီးရထားစသည့် မတော်တဆတိုက်ခိုက်ပျက်စီးမှုက (၅)မိုင်ရှည်လျားသော ယာဉ်ကြော


mgyoe.com

ပိတ်ဆို့မှုတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။

**collision**[*n* C] an accident in which two or more cars, planes etc hit each other while they are moving: မောင်းနှင်ရွေ့လျားနေစဉ် (၂)ခု သို့မဟုတ် (၂)ခု ထက်ပိုသောကား၊ လေယာဉ်စသည့် မတော်တဆတိုက်ခိုက်မိခြင်း *Several cars were involved in a collision on the expressway this morning.* ကားအတော်များများသည် အမြန်အဝေးပြေးလမ်းမကြီးပေါ်၌ ဤနံနက်ဖြစ်ပွားသည့် မတော်တဆတိုက်မိမှုတွင် ပါဝင်ပတ်သက်ခဲ့ကြသည်။

+ **with** + နှင့် *A 25- year- old man was thrown from his motor cycle in a collision with a truck.* အသက် (၂၅) နှစ်ရှိသော လူတယောက်သည် ထရပ်ကားတစ်စီးနှင့် တိုက်မိရာ၌ သူ၏မော်တော်ဆိုင်ကယ်ပေါ်မှ လွင့်စဉ်ကျခဲ့သည်။

+ **between** +နှစ်ခုအကြား a mid-air collision between two planes လေယာဉ်နှစ်စင်း လေထဲမိုးပေါ်၌တိုက်မိခြင်း။

**head-on collision** (= between two cars etc moving directly towards each other) ကား(၂)စီးစသည့် ရွေ့လျားမောင်းနှင်နေစဉ် ခေါင်းချင်းဆိုင်တိုက်မိခြင်း

**pile-up** [*n* C] INFORMAL a serious road accident in which a lot of cars hit each other: ကားအများအပြား တစ်စီးကိုတစ်စီး အပြန်အလှန်တိုက်မိ၍ ပျက်စီးပုံကျနေသည့် အပြင်းအထန် မတော်တဆ လမ်းပေါ်တိုက်မိမှုတစ်ရပ်။ *The pile-up happend in thick fog.* ပျက်စီးပုံကျအောင် အပြင်းအထန်မတော်တဆကားများတိုက်မိမှုသည် နှင်းထူထူကျနေစဉ် ဖြစ်ပွားခဲ့သည်။



mgyoe.com

mgyoe.com

**get run over** ကား စသည်ဖြင့် ကြိတ်မိသည်။ နင်းမိသည်။ *if someone gets run over, a car or other vehicle hits him , and he gets hurt or killed:* တစ်စုံတစ်ယောက်ကြိတ်မိသည်၊ နင်းမိသည်ဆိုလျှင် ကားတစ်စီး သို့မဟုတ် အခြားယာဉ်တစ်ခုခုသည် သူ့ကိုတိုက်ခိုက်ကြိတ်မိ၍ သူသည် ထိခိုက်နာကျင်သို့မဟုတ် သေဆုံးသွားမည် ဖြစ်သည်။ *Our last cat got run over by a car outside our house.* ကျွန်ုပ်တို့၏ နောက်ဆုံးကြောင်သည် ကျွန်ုပ်တို့၏ အိမ်အပြင်ဘက်တွင် ကားတစ်စီး၏ အကြိတ်ခံခဲ့ရသည်။ *Don't run out into the road, you'll 'get run over.* လမ်းပေါ်ပြေးထွက်မသွားလေနဲ့ကွနော်၊ ကား 'ဝါး' သွားမယ်။

**3** an extremely bad accident when people are killed

လူများစွာ သေဆုံးကြသော ထူးထူးကဲကဲဆိုးရွားသည့် မတော်တဆ ယာဉ်တိုက်ခိုက်မှု

**disaster** [*n* C ] an extremely bad accident in which a lot of people are killed: လူအမြောက်အမြား သေဆုံးကြသော မကြုံစဖူးဆိုးရွားသည့် မတော်တဆတိုက်ခိုက်မှု။ *The Zeebrugge ferry disaster, in which a ship carrying hundreds of people sank, was one of the worst in recent history.* ဇာဘရူးဂူးကူးတို့သင်္ဘော မတော်တဆနစ်မြုပ်မှုသည် ပစ္စုပ္ပန်သမိုင်း၌ ကံဆိုးမိုးမှောင်အကျဆုံး ဒုက္ခဖြစ်ရပ်တစ်ခုဖြစ်ခဲ့၍ ယင်းအဖြစ်ဆိုး၌ လူရာပေါင်းများစွာ သယ်ဆောင်လာသော သင်္ဘောတစ်စီး နစ်မြုပ်ခဲ့သည်။ *Could your hospitals cope with a major disaster like a train crash?* မင်းတို့ရဲ့ ဆေးရုံတွေဟာ မီးရထားမှောက်တာလို မတော်တဆဖြစ်မှုကြီးမျိုးအတွက် လုံလောက်အောင် စီမံကုသပေးနိုင်သလား။


mgyoe.com

mgyoe.com

မှတ်ချက်။ ။ အထက်ပါဝါကျ၌ in which a ship carrying hundreds of people sank, သည် ကော်မာပါသည့် နာမဝိသေသန စကားစု (Non-defining Adjectve Clause ) ဖြစ်သည်။ ထို့ကြောင့် (Defining Adjective Clause) များကို အဓိပ္ပာယ်ပြန်သလို လူရာပေါင်းများစွာသယ်ဆောင်လာသည့် သင်္ဘောတစ်စီး နစ်မြုပ်ခဲ့သောဟူ၍ 'သော'ပုဒ်ဖြင့် ဘာသာမပြန်သင့်။ ထိုကဲ့သို့ ဆိုလိုခြင်းမဟုတ်ကြောင်းကို ပေါ်လွင်စေလိုသောကြောင့် အင်္ဂလိပ်စာပေပညာရှင်များက အလုပ်ရှုပ်ခံပြီး ကော်မာထည့်ထားခြင်းဖြစ်သည်။ လွယ်ကူသော ဥပမာပြရလျှင် *Do you know the woman who is sitting in the car?* ကားထဲမှာထိုင်နေသော မိန်းမကြီးကို မင်းသိသလား။

ဤဝါကျမှာ Defining Adjective Clause ကို တွေ့နိုင်သည်။ အဓိပ္ပာယ်က အမှန်တကယ်အထူးပြုသော နာမဝိသေသနစကားစု ဟု ဆိုလိုသည်။ ရှေ့မှာကပ်လျက်တည်ရှိနေသော နာမ်ကို အမှန်တကယ်အထူးပြုသည်။ အထူးပြုရန်လည်း လိုအပ်သည်။ အပိုထည့်ခြင်း မဟုတ်။ ယင်းသို့အထူးပြုမှသာ ပြောလိုသော အဓိပ္ပာယ် ပြည့်စုံမည်။ တခြားမိန်းမကြီးမဟုတ်။ ကားထဲမှာထိုင်နေသော မိန်းမကြီးကိုသာလျှင် သီးသီးသန့်သန့် ရည်ညွှန်းခြင်း ဖြစ်သည်။ နောက်တစ်ကြောင်းကို ဆက်ကြည့်ပါ။

*He likes English Speaking of My Very Own which is on the table now.* သူသည် ကိုယ်ပိုင်ပြောအင်္ဂလိပ်စကား(စာအုပ်)ကိုနှစ်သက်၍ ယင်းသည် စားပွဲပေါ်မှာ ယခုရှိသည်။ ယခုဝါကျထဲရှိ which is on the table now သည် Non difining Adjective Clause (အမှန်တကယ်အထူးမပြုသော နာမဝိသေသနစကားစု)ဖြစ်သည်။ ပထမဝါကျထဲက စကားစုနှင့်

mgyoe.com

mgyoe.com

မတူ။ ရှေ့တွင်ရှိနေသောနာမ်ကို အထူးမပြု။ အထူးပြုရန်လည်း မလိုအပ်ပေ။ အပိုသတင်းအချက်အလက်တစ်ခုကို ထည့်ပေးလိုက်ခြင်းသာ ဖြစ်သည်။ ယင်းစာကိုရေးသူသည် လွယ်ကူသော Simple Sentence နှစ်ကြောင်းအဖြစ်ရေးသားရန် လက်မတွေ့၊ ဆန္ဒမရှိ။ စင်စစ်တော့ *He likes English Speaking of My Very Own. It is on the table now.* ဟု နှစ်ကြောင်းသာဖြစ်သင့်သည်။ မလိုအပ်ဘဲ 'ဇွတ်' နာမဝိသေသနစကားစု လုပ်ပစ်လိုက်ကြောင်း ဖော်ကျူးလိုသဖြင့် 'ကော်မာ' ထည့်ပေးလိုက်ခြင်း ဖြစ်သည်။

-သောဖြင့် ဘာသာပြန်ကြည့်ပါ။ အောက်ပါအတိုင်း ဖြစ်လာသည်။

သူသည်စားပွဲပေါ်၌ ယခုရှိနေသော ကိုယ်ပိုင်ပြော အင်္ဂလိပ်စကား (စာအုပ်)ကို နှစ်သက်သည်။ တော်တော်ကို သဘာဝမကျသည့် အဓိပ္ပာယ်ထွက်လာသည်။ ကိုယ်ပိုင်ပြောအင်္ဂလိပ်စကားစာအုပ်ချင်းအတူတူ စားပွဲပေါ်၌ရှိသော စာအုပ်ကိုမှ ရွေးကြိုက်ရန်မလို။ အတန်းထဲရှိ ကျောင်းသူကျောင်းသားများ၏လက်များထဲက စာအုပ်များ၊ လွယ်အိတ်များထဲက စာအုပ်များ၊ စာအုပ်ဆိုင်များထဲက စာအုပ်များကိုလည်း ကြိုက်နှစ်သက်ရမည်သာဖြစ်၏။ ပုံနှိပ်စက်မှရိုက်နှိပ်ထုတ်ဝေလိုက်သော ကိုယ်ပိုင်ပြောအင်္ဂလိပ်စကားစာအုပ်မှန်သမျှထပ်တူသာ ဖြစ်သည်။ ယင်းကြောင့် စားပွဲပေါ်၌ယခုရှိနေသောဟု အထူးပြုရန်မလိုကြောင်း ထင်ရှားသည်။

လိုရင်းချုပ်ရပါက ကော်မာမပါလျှင် 'သော' နှင့်ပြန်။ 'ကော်မာ'ပါလျှင် '၍'နှင့်ပြန်။ သို့မဟုတ် နှစ်ကြောင်းခွဲ၊ မိမိကဖတ်သူမဟုတ်ဘဲ ရေးသူဖြစ်လျှင်လည်း သည်မူအတိုင်း။

mgyoe.com

**natural disaster** (=caused by wind, train or other natural forces) သဘာဝ ဘေးဒုက္ခအန္တရာယ်။ လေ၊ မိုး သို့မဟုတ် ငလျင်၊ မီးတောင်ပေါက်ကွဲခြင်းစသည့် အခြားသောသဘာဝတရား၏ စွမ်းအားများကြောင့် ကြုံတွေ့ရသော ဘေးဒုက္ခများကို ဆိုလိုသည်။ *Natural disasters such as earthquakes are common in this part of the world .* ငလျင်လှုပ်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာ၏ ဤအပိုင်း၌ဖြစ်ပေါ်လေ့ရှိသည်။

**catastrophe** [*n* C ] a terrible event that causes damage, and destruction over a large area: ကျယ်ပြန့်လှသော နယ်ပယ်ဧရိယာတစ်ခု၌ များစွာသော အသက်ဆုံးရှုံးမှုများ၊ အပျက်အစီးများ၊ ပျက်ယွင်းမှုများကို ဖြစ်စေသည့် ထိတ်လန့်ကြောက်ရွံ့ဖွယ် အဖြစ်ဆိုး။ *The destruction of the ozone layer could lead to an environmental catastrophe.* အိုဇုံးလွှာပျက်ယွင်းမှုသည် ပတ်ဝန်းကျင်ဒေသဆိုင်ရာ ကြောက်စဖွယ်ဘေးအန္တရာယ်တစ်ရပ်သို့ ဦးတည်ဖြစ်ပေါ်လာစေနိုင်သည်။ *fears of a possible nuclear catastrophe,* ညျူကလီးယားဘေးအန္တရာယ်ဆိုးဖြစ်ဖွယ်ရှိမှုအတွက် စိုးရိမ်ကြောက်ရွံ့မှုများ


## ACCIDENTALLY

### မတော်တဆ အမှတ်မထင်

**When you do something that you did not intend to do**

မတော်တဆ အမှတ်မထင်၊ ပြုလုပ်ရန်မရည်ရွယ်ခဲ့သော တစ်စုံတစ်ခုကို ပြုလုပ်သောအခါမျိုးမှာ သုံးသည်။

mgyoe.com




**Opposite DELIBERATELY**

ဆန့်ကျင်ဘက် တမင်တကာ

**accidentally / by accident** [*adv*] if you do something **accidentally** or by **accident**, you do it even though you did not intend to do it: သင်သည် တစ်စုံတစ်ခုကို စဉ်းစားကြံရွယ်ထားခြင်းမရှိခဲ့ဘဲ ပြုလုပ်မိသည့်အခါမျိုးမှာ ဤကြိယာဝိသေသနကို သုံးသည်။ *I accidentally burnt a hole in her sofa with my cigarette.* ကျွန်ုပ်သည် သူမ၏ ဆိုဖာကို ကျွန်ုပ်၏စီးကရက်ဖြင့် မီးလောင်ပေါက်တစ်ခု မတော်တဆ ဖြစ်စေခဲ့သည်။ *Doctors discovered the new drug quite by accident, while they were reseaching something else.* ဆရာဝန်များသည် အခြားတစ်စုံတစ်ခုကို သုတေသနပြုစူးစမ်းရှာဖွေနေစဉ် ဆေးဝါးအသစ်တစ်မျိုးကို လုံးဝမမျှော်လင့်ဘဲ တွေ့ရှိခဲ့သည်။

mgyoe.com

⚠ Word order: **accidentally** can come between the subject and the verb (I accidentally broke it ), but **by accident** usually comes at the end of a sentence or clause (I broke it by accident).

စကားလုံး အစီအစဉ်. . accidentally က subject နှင့် verb ၏ အကြားမှာ နေရာယူသည်။ သို့သော် by accident က ဝါကျ သို့မဟုတ် ကလော့စကားစုတစ်စု၏ အဆုံးမှာရပ်တည်သည်။

**unintentionally** [*adv*] မရည်ရွယ်ဘဲနှင့်။ ESPECIALLY WRITTEN အထူးသဖြင့်အရေးမှာ။ If you do something unintentionally, especially something bad, you do it even though you did not intend to: အထူးအားဖြင့် မကောင်းသည့် တစ်စုံတစ်ခုကိုမရွယ်ဘဲနှင့် သို့မဟုတ် စဉ်စားကြံရွယ်ထားခြင်းမရှိသော်လည်း ပြုလုပ်မိသောအခါမှာ အထူးသဖြင့် ရေးသားသုံးနှုန်းသည်။ *Some male science teachers unintentionally discourage the girls in their classes.* အချို့သော သိပ္ပံဘာသာပြအမျိုးသားဆရာများသည် သူတို့၏စာသင်တန်းများထဲရှိ မိန်းကလေးများကို မရည်ရွယ်ဘဲနှင့် အမှတ်မထင်အားလျော့အောင် ပြောဆိုပြုလုပ်လေ့ရှိကြသည်။

**by mistake** [*adv*] ကြိယာဝိသေသန If you do something by mistake, you intend to do one thing but you make a mistake and do something else instead: သင်သည်ကိစ္စတစ်ခုကိုပြုလုပ်ရန် ရည်ရွယ်ထားသည်။ သို့သော်မှားယွင်းပြီး ထိုသို့လုပ်ရမည့်အစား အခြားတစ်ခုကို ပြုလုပ်မိလျှင် အလွဲလွဲအချော်ချော် ပြုလုပ်မိသည်ဟု ခေါ်သည်။ *Gary wandered into the wrong hotel room by mistake.* ဂယ်ရီသည် မှားယွင်းသော

mgyaw.com

ဟိုတယ်အခန်းထဲသို့ လွဲမှားဝင်ရောက်မိခဲ့သည်။

didn't mean to ရန် မရည်ရွယ်ခဲ့။ ESPECIALLY SPOKEN အထူးသဖြင့် စကားပြောမှာ။ *If you didn't mean to do something bad or wrong , you did not intend to do.* သင်သည်မကောင်းသော သို့မဟုတ် လွဲမှားသောကိစ္စတစ်ရပ်ကိုပြုလုပ်ရန် မရည်ရွယ်ခဲ့လျှင် ထိုသို့ပြုလုပ်ရန် မကြံစည်ခဲ့ခြင်းပင် ဖြစ်သည်။

**didn't mean to do sth** တစ်စုံတစ်ခုကို ပြုလုပ်ရန်မရည်ရွယ်ခဲ့။ *Sorry, I didn't mean to upset you.* ဝမ်းနည်းပါတယ်။ ငါမင်းကို စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်ဖို့ မရည်ရွယ်ခဲ့ဘူး။ *I'm sure Rachel didn't mean to leave the door unlocked.* ရာရှယ်လ်ဟာ တံခါးကို သော့မခတ်ဘဲထားခဲ့ဖို့ မကြံရွယ်ခဲ့တာ ငါအသေအချာသိတယ်။

> ⚠ You often say I didn't mean to when you are saying sorry to someone: I'm sorry I shouted at you. I did't mean to.

သင်က တစ်ဦးတစ်ယောက်ကို ဝမ်းနည်းကြောင်းဖြင့် တောင်းပန်လိုသောအခါမှာ ယင်းကဲ့သို့ ပြောဆိုသုံးနှုန်းရသည်။ ငါမင်းကို အော်ခဲ့မိတာ ဝမ်းနည်းပါတယ်။ အဲဒီလိုလုပ်ဖို့ မရည်ရွယ်ခဲ့ပါဘူး။

**accidental**[*adj*] နာမဝိသေသန။ use this about bad or dangerous things that happen, which no one intended to happen: မည်သူတစ်ဦးကမျှ မဖြစ်စေလိုသော်လည်း ဖြစ်ပွားလာသည့် ဆိုးရွားသော သို့မဟုတ် အန္တရာယ်ပေးသောဖြစ်ရပ်များနှင့်

ပတ်သက်၍ သုံးသည်။ *Gina took an accidental overdose of painkillers.* ဂျီနာသည် အမှတ်တမဲ့ဖြင့် အကိုက်အခဲ ပျောက်ဆေးများကို ဆေးညွှန်းထက် ပိုမိုသောက်ခဲ့သည်။ *70% of accidental deaths are alcohol related.* (၇၀) ရာခိုင်နှုန်းသော မမျှော်လင့်ဘဲ အသက်ဆုံးရှုံးမှုများသည် အရက်နှင့် ဆက်နွယ်သည်။

**unintentional** [*adj*] နာမဝိသေသန။ မမျှော်လင့် မကြံရွယ်ဘဲ။ ESPECIALLY WRITTEN အထူးသဖြင့် အရေးမှာ။ said or done accidentally, especially when you were trying to say or do something completely different: မမျှော်လင့်မကြံရွယ်ဘဲ ပြောဆိုပြုလုပ်သည်။ အထူးသဖြင့် လုံးဝခြားနားသောကိစ္စတစ်ရပ်ကို ကြိုးစားပြောဆို ပြုလုပ်မိရာမှာသုံးသည်။ *Any offence these remarks might have caused was wholly unintentional.* ဤမှတ်ချက်စကားများက ဖြစ်ပေါ်စေခဲ့သည့် စိတ်ဆိုးဖွယ်တစ်ခုခုသည် လုံးဝဥဿုံ မမျှော်လင့်မကြံရွယ်ဘဲ ဖြစ်ပေါ်မှုများသာ ဖြစ်ဖွယ်ရှိသည်။ (ရည်ရွယ်ပြီး တမင်ပြောဆိုထိပါးခြင်း မဟုတ်)။

**It was an accident** SPOKEN အပြောမှာ။ Say this to tell someone that you did not intend to do something, for example when you have broken something or made a mistake, and someone is angry with you: တမင်ရည်ရွယ် လုပ်ဆောင်ခြင်းမဟုတ်ကြောင်းဖြင့် ပြောကြားလိုသောအခါမှာ သုံးနှုန်းသည်။ ဥပမာ-သင့်ကြောင့် ပစ္စည်းတစ်ခုကျိုးသွားလျှင်ဖြစ်စေ၊ သင်အမှားတစ်ခုကို ပြုလုပ်မိသည့်အခါမှာဖြစ်စေ တဖက်သားစိတ်ဆိုးသွားပါက သုံးနှုန်းသည်။

*It was an accident- the handle just came off when I picked it up.* မတော်တဆ ဖြစ်သွားခဲ့တာပါ။ ကျွန်တော် မ-ယူလိုက်တဲ့အခါ လက်ကိုင်အလိုလို ပြုတ်ထွက်သွားခဲ့တယ်။

## ACTOR / ACTRESS

### (ကျား:သား:သရုပ်ဆောင်၊ ကျား:သမီး:သရုပ်ဆောင်)

**1** someone who performs in plays or films

ပြဇာတ် သို့မဟုတ် ရုပ်ရှင်ထဲ၌ ပါဝင်သရုပ်ဆောင်သူ

**actor** [*n* C] someone whose job is to perform in plays or films: သူ၏အလုပ်သည်ပြဇာတ် သို့မဟုတ် ရုပ်ရှင်များ၌ ပါဝင်သရုပ်ဆောင်ရန်ဖြစ်သော တစ်စုံတစ်ယောက်။ *Keanu Reeves is my favourite actor.* ကင်ညူးရိ(ဗ်)သည် ကျွန်ုပ်၏ အကြိုက်ဆုံးသော သရုပ်ဆောင်ဖြစ်သည်။ *The actor who played Macbeth was really good.* မတ်ဘက်အဖြစ် သရုပ်ဆောင်ခဲ့သော မင်းသားသည် တကယ်ပဲကောင်းမွန်ခဲ့သည်။

**actress** [*n* C] a woman whose job is to perform in plays and films: သူ၏အလုပ်သည် ပြဇာတ် သို့မဟုတ် ရုပ်ရှင်များ၌ ပါဝင်သရုပ်ဆောင်ရန်ဖြစ်သော အမျိုးသမီး။ *I've always wanted to be an actress.* ကျွန်ုပ်သည်အစဉ်သဖြင့် အမျိုးသမီး သရုပ်ဆောင် ဖြစ်ချင်လျက်ရှိသည်။ *Actress and singer, Cher* ရုပ်ရှင်မင်းသမီး အဆိုတော် 'ချာ'။

have wanted ဆိုတဲ့ Present Perfect Tense သုံးထားတာကို သတိပြု။ ယခုမှဖြစ်ချင်တာမဟုတ်ဘဲ ဟိုတုန်း(ဝါ) အတိတ်တုန်း ကတည်းက ဖြစ်ချင်လိုက်တာ၊ ပြောတဲ့အချိန်အထိ ဖြစ်ချင်တုန်းဖြစ်ချင်ဆဲဟု ဆိုလိုသည်။ *I have lived in Yankin for ten years.* ငါ ရန်ကင်းမှာနေတာ (၁၀)နှစ်ကြာပြီ။ (၁၀)နှစ်

ကြာက တည်းကနေလိုက်တာ ပြောတဲ့အချိန်ထိနေတုန်းလို့ ပြော လိုတာမို့ Simple Present Tense သို့မဟုတ် Simple Past Tense တို့သုံးရင် မှားတယ်။

အထက်ဖော်ပြပါဝါကျမှာလည်း want သို့မဟုတ် wanted သုံးရင် မှားတာပဲ။ want ဆိုရင် Simple Present Tense မို့ အခုမှ ဖြစ်ချင်တာ။ wanted ဆိုရင် Simple Past Tense မို့အတိတ်တုန်းက ဖြစ်ချင်ခဲ့တာ။

⚠ You can use **actor** about man or woman. Some women prefer to be called **actors** and do not like the word actress.

ယခုအခါမှာ actors ကို အမျိုးသားသရုပ်ဆောင် သို့ မဟုတ် အမျိုးသမီးသရုပ်ဆောင် နှစ်ဦးလုံးအတွက် အသုံးပြုနိုင် သည်။ အချို့သော အမျိုးသမီးသရုပ်ဆောင်တို့သည် သူတို့ အား actors ဟုခေါ်သည်ကို ပိုမိုနှစ်သက်ကြသည်။ **actress** ဟူသော စကားလုံးကို မကြိုက်ကြပေ။

**star** [*n* C] a very famous actor, especially in films: အထူး သဖြင့် ရုပ်ရှင်မှာအလွန်ကျော်ကြားသော သရုပ်ဆောင်။ *Hundreds of fans gathered to watch the stars arriving at the Oscar ceremony.* ရာပေါင်းများစွာသော ဝါသနာရှင်တို့ သည် အလွန်ကျော်ကြားသော သရုပ်ဆောင်များ အော်စကာဆု ပေးပွဲ အခမ်းအနားသို့ ရောက်ရှိလာကြသည်ကို စောင့်ကြည့်ရန် စုရုံးခဲ့ကြသည်။ film/movie star အလွန်ကျော်ကြားသော ရုပ်ရှင် သရုပ်ဆောင်။ *Movie star Arnold has said he would*

*like to enter politics.* ရုပ်ရှင်သရုပ်ဆောင် အာနိုးက သူနိုင်ငံရေးထဲသို့ ဝင်ရောက်လိုသည်ဟု ပြောဖူးသည်။

**2** to be in a play or film

**act** [*v* I] to be an actor in plays or films, especially as a job: အထူးသဖြင့် အလုပ်တစ်ခုအဖြစ် ပြဇာတ် သို့မဟုတ် ရုပ်ရှင်ထဲမှာ သရုပ်ဆောင်သည်။ *I decided I wanted to act when I was twelve years old.* ကျွန်ုပ်သည် အသက် (၁၂)နှစ်ရှိခဲ့သောအခါ၌ သရုပ်ဆောင်ရန်အလိုရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ *She always enjoyed acting.* သူမသည် သရုပ်ဆောင်ရခြင်းကို အမြဲတမ်း ပျော်ရွှင်နှစ်သက်ခဲ့သည်။

**acting** [*n* U] the job or skill of being an actor: သရုပ်ဆောင်တစ်ယောက်၏ အလုပ် သို့မဟုတ် ပညာကျွမ်းကျင်မှု၊ သရုပ်ဆောင်ခြင်း။ *Before he became famous, James Dean studied acting in New York.* ကျော်ကြားမလာမီက ဂျိမ်း(စ်)ဒင်း(န်)သည် နယူးယောက်၌ သရုပ်ဆောင်ပညာကို လေ့လာခဲ့သည်။

**play** [*v*T] to act as a particular character in a play or film: ပြဇာတ် သို့မဟုတ် ရုပ်ရှင်ထဲ၌ တစ်ယောက်သော ဇာတ်ကောင်အဖြစ် သရုပ်ဆောင်သည်။ play Hamlet/Cleopatra/James Bond etc ဟမ်းမလက်၊ ကလီယိုပါထရာ၊ ဂျိမ်းစ်ဘွန်းဒ်အဖြစ် သရုပ်ဆောင်သည်။ *Timothy Dulton was the fourth actor to play James Bond.* တင်မိုးသီး ဒေါ်လ်တန်သည် ဂျိမ်းစ်ဘွန်းဒ်အဖြစ် စတုတ္ထမြောက် သရုပ် ဆောင်သူ ဖြစ်ခဲ့သည်။ *Mother Courage was played by Diana Rigg.* မားသားကားရိပ်(ချ်)အဖြစ် ဒိုင်ယာနာရစ်(ဂ်)က သရုပ်ဆောင်

ခဲ့သည်။

**PLAY A PART** အခန်းမှ ပါဝင်သရုပ်ဆောင်သည်။ *We still need someone to play the part of the messenger.* ကျွန်ုပ်တို့၌ ယခုအထိ စေတမန်၏အခန်းမှသရုပ်ဆောင်ရန် တစ်ဦးတစ်ယောက် လိုအပ်နေပေသေးသည်။

**be in sth** [*phrasal verb* T] ကြိယာစကားစု။ အထူးသဖြင့် စကားပြောမှာ သုံး။ တစ်စုံတစ်ခုသော ပြဇာတ် သို့မဟုတ် ရုပ်ရှင်ထဲမှာ သရုပ်ဆောင်သည်။ *You remember Larry Hagmam- he used to be in 'Dallas.'* မင်း လာရီဟက်(ဂ်)မန်းကို သတိရမှာပါ။ သူက ဒယ်လ်လပ်စ်မှာ သရုပ်ဆောင်လေ့ရှိခဲ့တယ်။

**perform** [*v* T] if a group of actors **performs** a play, they act it for the people to watch: သရုပ်ဆောင်တစ်စုသည် ပြဇာတ်တစ်ထုပ်ကို တင်ဆက်ကပြသောအခါ သူတို့သည် လူများကြည့်ရှုရန် ဖျော်ဖြေကြခြင်း ဖြစ်သည်။ *The children perform a Christmas pantomime every year.* ကလေးများသည် ခရစ္စမတ် အသံတိတ်စကားမပြောဘဲ ဖျော်ဖြေကပြသည့်ပြဇာတ်ကို နှစ်တိုင်းကပြကြသည်။ *The group will be performing 'Cats' in the Open Air Theatre.* အဖွဲ့သည် လဟာပြင်ဇာတ်ရုံ၌ ကြောင်များပြဇာတ်ကို ကပြကြလိမ့်မည်။

**performance** [*n* C] the way someone acts in a play or film-use this to talk about how good or bad someone's acting is: ပြဇာတ် သို့မဟုတ် ရုပ်ရှင်ထဲ၌ တစ်ဦးတစ်ယောက် သရုပ်ဆောင်ပုံ။ တစ်စုံတစ်ယောက် သရုပ်ဆောင်ကောင်းသလား၊ မကောင်းဘူးလားဆိုသည်ကိုပြောရန် ဤစကားလုံးကိုသုံးနိုင်သည်။ *Sean Penn's finest performance was in 'Dead Man*

mgyhe.com

*Walking'*. ရှောင်ပင်း(န်)၏ အကောင်းဆုံး သရုပ်ဆောင်မှုကို လမ်းလျှောက်နေသောလူသေ'ထဲတွင် တွေ့မြင်နိုင်သည်။

**give a good etc performance** ကောင်းသော သို့မဟုတ် ဆိုးသော သရုပ်ဆောင်မှုကိုပြသည်။ *Meryl Streep, playing the murdered baby's mother, gives a marvellous performance.* မာရယ်(လ်)စထရိ(ပ်)သည် အသတ်ခံရသော ကလေးငယ်၏ မိခင်အဖြစ်ပါဝင်လျက် အံ့ဘနန်းသရုပ်ဆောင်သွားခဲ့သည်။

**3** to be the most important actor in play or film

ပြဇာတ် သို့မဟုတ် ရုပ်ရှင်ထဲ၌ အရေးပါဆုံးသရုပ်ဆောင်အဖြစ် ပါဝင်သည်။

**star** [*v* T] if an actor stars in a film or a play, he or she is one of the most important actors in it; if a film or play **stars** an actor, he or she plays one of the most important charactors in it: သရုပ်ဆောင်တစ်ယောက်သည် ရုပ်ရှင် သို့မဟုတ် ပြဇာတ်တစ်ခုမှာ အရေးအကြီးဆုံးနေရာက သရုပ်ဆောင်လျှင် သူသည်အရေးပါအရာရောက်ဆုံး သရုပ်ဆောင်ဖြစ်လေသည်။ ဇာတ်ပို့ဇာတ်ရံနေရာကမဟုတ်ဘဲ မင်းသားမင်းသမီးနေရာက သရုပ်ဆောင်ခြင်းကို ဆိုလိုသည်။ ရုပ်ရှင် သို့မဟုတ် ပြဇာတ် တစ်ခုသည် သရုပ်ဆောင်တစ်ယောက်ကို မင်းသား သို့မဟုတ် မင်းသမီးနေရာမှ သရုပ်ဆောင်စေလျှင် သူသည် ဇာတ်ကောင် များထဲတွင် အရေးပါအရာရောက်ဆုံးနေရာက သရုပ်ဆောင်သည် မည်၏။

## star ကို နာမ်အဖြစ်၊ ကြိယာအဖြစ်သုံးပုံ

အဲဒီလို မင်းသားမင်းသမီးကို star လို့ခေါ်တယ်။ ဒီအခါမှာ star ဟာ နာမ်ဖြစ်တယ်။ တစ်ခါ 'မင်းသား၊ မင်းသမီးအခန်းမှ ပါဝင်သရုပ်ဆောင်တာ'ကိုလည်း st ar လို့ခေါ်ပြန်တယ်။

mgyhe.com

ဒီအခါမှာ ကြိယာဖြစ်တယ်။ ကြိယာအဖြစ်သုံးထားတဲ့ star ဟာ နှစ်မျိုးနှစ်စား ဖြစ်နိုင်ပြန်တယ်။ **1.verb intransitive** (ကံမလိုတဲ့ ကြိယာ)။ အင်္ဂလိပ်ဝါကျရဲ့ပထမပိုင်း if an actor stars in a film ဖြစ်တယ်။ **2.verb tranisitive** (ကံလိုကြိယာ)။ အင်္ဂလိပ်ဝါကျရဲ့ဒုတိယပိုင်း။ if a film or play stars an actor ဖြစ်တယ်။

**+ in** *Can you name the actress who starred in "Gone with the Wind"?* 'လေနှင့်အတူသွားပြီ'ထဲမှာပါတဲ့ မင်းသမီးရဲ့အမည်ကို မင်းဖော်နိုင်သလား။

**+ as** *Bob Hoskins stars as private detective.* ဘော့(ဘ်)ဟော့(စ်)ကင်စ်သည် အလွတ်စုံထောက်အဖြစ်အရေးပါဆုံးအခန်းမှ (မင်းသားနေရာမှ) ပါဝင်သရုပ်ဆောင်သည်။

*'Heat' is a police drama starring Robert de Niro and Al Pacino.* "ဟိ(တ်)"သည်ရဲဇာတ်လမ်းဖြစ်ပြီး ရောဘတ်ဒီနီရိုနှင့် အယ်(လ်)ပါစီနိုတို့ အဓိကဇာတ်ကောင်များ (မင်းသားများ) အဖြစ် ပါဝင်သရုပ်ဆောင်သည်။

**leading role/starring role** [*n* C] the job of acting as the most important character in a film: ရုပ်ရှင်ထဲ၌ အရေးအကြီးဆုံး ဇာတ်ဆောင်အလုပ်ကို တာဝန်ယူသရုပ်ဆောင်ခြင်း။

*Judy Garland became famous after her starring role in 'The Wizard of Oz'.* ဂျူဒီဂါလန်သည် 'သည် ဝစ်ဇာတ် အော့ဖ် အူးဇ်'ရုပ်ရှင်၌ အရေးအပါဆုံးအခန်းမှ ပါဝင်သရုပ်ဆောင်ပြီးနောက် ကျော်ကြားလာခဲ့သည်။

**play the leading /starring role** (=act as the most important character)ဦးဆောင်အခန်း သို့မဟုတ် အရေးအ

mgyoe.com

ကြီးဆုံးအခန်းမှ ပါဝင်သရုပ်ဆောင်သည်။ *Michael Keaton played the leading role in the first two "Batman" movies.* မိုက်ကယ်(လ်)ကီတင်သည် ပထမဆုံး 'ဘက်မင်း' ရုပ်ရှင်နှစ်ကားထဲတွင် အဓိကဇာတ်ဆောင်အခန်းမှ ပါဝင်သရုပ်ဆောင်ခဲ့သည်။

**lead** [*n* C ]the most important actor or character in a play or film: ပြဇာတ် သို့မဟုတ် ရုပ်ရှင်၌ အရေးကြီးဆုံးသရုပ်ဆောင် သို့မဟုတ် ဇာတ်ကောင်ခေါင်းဆောင်။

**play the lead** ( =be the main actor ) အဓိက သရုပ်ဆောင်။ *She was given the chance to play the lead when Pamela Anderson became ill.* ပန်မလာ အင်ဒါဆင်နာဖျားခဲ့သောအခါ သူမသည်ခေါင်းဆောင်အဖြစ် သရုပ်ဆောင်ရန် အခွင့်အရေးရရှိခဲ့သည်။

**lead part/role/acts etc** ခေါင်းဆောင်၊ အပိုင်း၊ အခန်းမှ သရုပ်ဆောင်သူစသည်ဖြင့် ပါဝင်သည်။ *Kevin Costner has been given the lead role in a $50m movie about life after a nuclear war.* နျူကလီးယားစစ်ပွဲဖြစ်ပွားအပြီး လူနေမှုဘဝ အကြောင်း ဒေါ်လာ သန်း ၅၀ ကုန်ကျသော ရုပ်ရှင်တစ်ကားကို ခေါင်းဆောင်ခန်းမှ ပါဝင်သရုပ်ဆောင်ရန် အခွင့်အရေးကို ကီဗင်ကော့စ်တနာ ရရှိသည်။

**4** the person that an actor pretends to be in a play or film

ပြဇာတ် သို့မဟုတ် ရုပ်ရှင်ထဲတွင် ဇာတ်ဆောင်သူ ကိုယ်စားပြု ပါဝင်သရုပ်ဆောင်ရသော လူပုဂ္ဂိုလ်။

**character**[*n* C] one of the people in the story of a play


mgyoe.com

mgyee.com
or film: ပြဇာတ် သို့မဟုတ် ရုပ်ရှင်ဇာတ်လမ်းထဲတွင် ပါဝင်သူများထဲမှ တစ်ယောက်၊ ဇာတ်ကောင်။ *Demi Moore's character is a woman who has an affair with the local preacher.* ဒင်မီမိုးသည် ဒေသဆိုင်ရာ တရားဟောဆရာနှင့် ဇာတ်လမ်းရှုပ်သော အမျိုးသမီးတစ်ယောက်၏ ဇာတ်ကောင်စရိုက်မှ ပါဝင်သရုပ်ဆောင်ရသည်။

**part** [*n* C] the job of acting as a particular character in a play or film: ပြဇာတ် သို့မဟုတ် ရုပ်ရှင်ထဲ၌ သတ်မှတ်ထားသည့် ဇာတ်ကောင်တစ်ယောက်အဖြစ် သရုပ်ဆောင်ရသော အလုပ်၊ အပိုင်း၊ အခန်း။ *She knew she wanted the part as soon as she read the movie script.* သူမသည် ဇာတ်ညွှန်းကို ဖတ်လိုက်သည်နှင့်တပြိုင်နက် ပါဝင်ရမည့် (ဝါ) သရုပ်ဆောင်ရမည့်အပိုင်းကို နှစ်သက်ကြောင်းသိရှိခဲ့သည်။

**play the part of**(=act as a particular character) ဇာတ်ကောင်စရိုက်မှ ပါဝင်သရုပ်ဆောင်သည်။ *she played the part of the wicked stepmother in 'Snow White'.* သူမသည် 'စန္ဒီးဝှိုက်'ရုပ်ရှင်၌ ယုတ်မာသော မိထွေးအခန်းမှပါဝင်သရုပ်ဆောင်ခဲ့သည်။

## ADD

### ပေါင်းစပ်သည်

**1** to add a new part to something

တစ်စုံတစ်ခုထဲသို့ အပိုင်းအကျအသစ်တစ်ခု ထည့်သွင်းပေါင်းစပ်ပြည့်စွက်သည်။

**add** [*v* T] to put a new part or piece onto or into something, especially in order to improve it.

ပိုမိုကောင်းမွန်လာစေလိုသည့်အတွက် တစ်စုံတစ်ခု


mgyee.com

ပေါ်သို့ သို့မဟုတ် ထဲသို့ အစိတ်အပိုင်းသစ်တစ်ရပ် ထပ်မံဖြည့်စွက် ထည့်သွင်းသည်။ *The book would look a lot more attractive if they added a few colour pictures.* သူတို့သည် ဆေးရောင်စုံရုပ်ပုံအနည်းငယ် ထည့်သွင်းဖြည့်စွက်လျှင်တော့ စာအုပ်သည်များစွာ ပိုမိုဆွဲဆောင်ပေလိမ့်မည်။

အင်္ဂလိပ်စာပေမှာ Conditional Sentences (၃) မျိုးရှိသည်။ ယင်းတို့မှာ . . . .

1. Real condition (Present) အမှန်တကယ်ဖြစ်သည့် အခြေအနေပြ 'လျှင်' ဝါကျ (ပစ္စုပ္ပန်ကာလ)
2. Unreal Condition (Present) အမှန်တကယ်မဖြစ်သည့် အခြေအနေပြ 'လျှင်' ဝါကျ (ပစ္စုပ္ပန်ကာလ)
3. Unreal Condition (Past) အမှန်တကယ်မဖြစ်ခဲ့သည့် အခြေအနေပြ 'လျှင်' ဝါကျ (အတိတ်ကာလ)တို့ ဖြစ်ကြသည်။

နမူနာပြခဲ့သော ဝါကျကို (၃)မျိုးရေးလျှင် အောက်ပါအတိုင်းဖြစ်မည်။

1. The book will look a lot more attractive if they add a few colour pictures. သူတို့သည် ဆေးရောင်ရုပ်ပုံအနည်းငယ် ထည့်သွင်းဖြည့်စွက်လျှင် စာအုပ်သည်များစွာ ပိုမိုဆွဲဆောင်လိမ့်မည်။
2.အထက်တွင်ဖော်ပြထားသော အင်္ဂလိပ်ဝါကျ။
3. The book would have looked a lot more attractive if they had added a few colour pictures. သူတို့သည် ဆေးရောင်စုံရုပ်ပုံ အနည်းငယ်ထည့်သွင်းဖြည့်စွက်ခဲ့လျှင် စာအုပ်သည်များစွာ ပိုမိုဆွဲဆောင်ခဲ့လိမ့်မည်။



mgype.com

1 နှင့် 2 မှာပါရှိသည့် if-clause တစ်နည်းပြောရပါက Adverb Clause (ကြိယာဝိသေသနစကားစု) ၂ခုလုံးသည် ပစ္စုပ္ပန်ကာလ အကြောင်းကိုသာ ဖော်ပြသည်။ 'တစ်'ကဖြစ်သည့် အခြေအနေ (တစ်နည်းပြောရလျှင် ဖြစ်ဖွယ်ရှိသည့် အခြေအနေ)ကို ပြဆို သည်။ ထို့ကြောင့်အင်္ဂလိပ်စာပေ၏ ထုံးစံအတိုင်း အတိတ် သဏ္ဍာန်ကြိယာ (past form of the verb) ကို သုံးသည်။ သို့သော် အတိတ်အကြောင်း ပြောနေခြင်းမဟုတ်။ ပစ္စုပ္ပန် အကြောင်းပြောခြင်းသာ။ အောက်ပါ ဝါကျလွယ်လွယ်(၃) ကြောင်းကို လေ့လာပါဦး။

**1.If he comes, I will help** him.

သူလာရင် ငါ သူ့ကို ကူညီမည်။(သူက လာမှာ)

**2. If he came, I would help** him.

သူလာရင်တော့ ငါ သူ့ကိုကူညီမှာပေါ့။(သူက လာမှာမဟုတ်)

**3. If he came, I would have helped** him.

သူသာလာခဲ့ရင်တော့ ငါ သူ့ကိုကူညီခဲ့မှာပေါ့။(မလာခဲ့၊ မကူညီခဲ့ရ)

အမှတ် (၃)ဝါကျသာ အတိတ်ကာလအကြောင်းကို ပြောခြင်းဖြစ်သည်။ မဖြစ်ခဲ့သည့်အခြေအနေမျိုးကို ပြောသည်။ ဤဝါကျမျိုးကို ဘာသာပြန်ရာ နားလည်သဘောပေါက်ရာတွင်လည်း '. . . လာပြီးဖြစ်ခဲ့ရင်တော့'၊ '. . . ကူညီပြီးဖြစ်ခဲ့မှာပေါ့' စသည်ဖြင့် ခဲရာခဲဆစ် ကောက်ယူသဘောပေါက်နေစရာ မလိုပေ။ ရိုးရိုးအတိတ်ကာလ (SIMPLE PAST TENSE) အနေနားလည် လိုက်ရုံမျှဖြင့် ပြီးသည်။ အောက်ပါအဓိပ္ပာယ်ကို 'လျှင်ဝါကျ' (၃) မျိုးဖြစ်အောင်ရေးပါ။



mgyoe.com

mgyoe.com

ငါ့မှာ လုံလောက်သော ပိုက်ဆံရှိလျှင် ငါကားတစ်စီးဝယ်မည်။

**1. I....enough money,.....buy a car.**

**2. I....enough money,.....buy a car.**

**3. I....enough money,.....buy a car.**

ရှေ့တစ်နေရာတွင် အဖြေကို ဖော်ပြထားသည်။

**add sth to sth** တစ်စုံတစ်ခုကို အခြားအရာဝတ္ထုတစ်ခုထဲသို့ ထည့်ပေးသည်။ *Adding fertilizer to the soil will help the plants to grow more quickly.* မြေဩဇာကို မြေထဲသို့ ထည့်ပေးခြင်းက ရာသီပင်များကို ပိုမိုလျှင်မြန်စွာ ကြီးထွားအောင် ကူညီလိမ့်မည်။ *The fresh chillies add a spicy flavour to the sauce.* လတ်ဆတ်သော ငရုတ်သီးများသည် ချဉ်ရည်ကို ပူစပ်သော အနံ့အရသာကို ပေါင်းစပ်ပေးသည်။

**add on** [*phrasal Verb* T] to add another part to something so that it becomes bigger တစ်စုံတစ်ခုကို ပိုမိုကြီးမားလာစေရန် တိုးချဲ့ ပေါင်းစပ်သည်။

**add on sth** တစ်စုံတစ်ခုသို့ ပေါင်းစပ်တိုးချဲ့သည်။ ***We're having a bedroom added on at the back of the house.*** ကျွန်ုပ်တို့သည် အိမ်နောက်ဖက်၌ အိမ်ခန်းတစ်ခန်းကို တိုးချဲ့တွဲကပ်နေကြသည်။

1. If I have enough money, I will buy a car.
2. ...had ...would buy ......
3. ...had had ....Would have bought....

mgyoe.com

2 to put two or more numbers together

နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ကိန်းဂဏန်းများကို ပေါင်းသည်

➡ count/ calculate တို့ကိုလည်းရှု။

**add** [*v* T] to put two or more numbers together in order to calculate the total: ကိန်းဂဏန်း နှစ်လုံး သို့မဟုတ် နှစ်လုံးထက်ပိုသည်တို့ကို စုစုပေါင်းအရေအတွက်ကိုသိရှိရန် ပေါင်းကြည့်သည်

**add sth and sth/add sth to sth** တစ်စုံတစ်ခုကို အခြားတစ်စုံတစ်ခုနှင့် ပေါင်းသည်။ သို့မဟုတ် . . . သို့ ပေါင်းသည်။**"What do you get when you add 68 and 32?"** သင်သည် ၆၈ နှင့် ၃၂ ကို ပေါင်းသောအခါ ဘယ်လောက်ရသနည်း။

3 to add more to an amount or cost

ပမာဏ သို့မဟုတ် တန်ဖိုးထဲသို့ ထပ်မံပေါင်းထည့်သည်

**add**[*v* I/T ] to add more to an amount or to the cost of something: *The builder added an extra £150 for tax.* ဆောက်လုပ်ရေးသမားသည် အကောက်ခွန်ပေးဆောင်ရန်အတွက် အပိုငွေ ၁၅၀ပေါင်ကို ပေါင်းထည့်ထားခဲ့သည်။

**add sth to sth** အရာတစ်ခုကို အခြားတစ်ခုသို့ ပေါင်းထည့်သည်။ *Watson's recent victory added $30,000 to his total prize money in 1996.* ဝပ်ဆင်၏ မကြာမီက အောင်ပွဲသည် ၁၉၉၆ ခုနှစ်၌ သူ၏နိုင်ကြေးငွေ စုစုပေါင်းထဲသို့ နောက်ထပ် ဒေါ်လာ ၃၀၀၀၀ ပေါင်းထည့်ပေးခဲ့သည်။

**put sth on sth** [*phrasal Verb* T] to add an amount of money or tax to the cost of something: တစ်စုံတစ်ခု၏ တန်ဖိုးထဲသို့ ငွေ သို့မဟုတ် အခွန်ငွေကို ပေါင်းထည့်သည်။

mgyoe.com
*The new tax will put another ten cents on the price of gas.* အကောက်ခွန်သစ်သည် ဓာတ်ငွေ့ဈေးနှုန်းကို(၁၀)ဆင့်မြင့်တက်သွားစေလိမ့်မည်။

**4** Something that is added

ပေါင်းထည့်ခြင်းခံရသော တစ်စုံတစ်ခု

**addition**[*n* C/U] something that is added to something else: အခြားတစ်စုံတစ်ခုထဲသို့ ပေါင်းထည့်ခြင်းခံရသော တစ်စုံတခု **+to** သို့ *The latest addition to the museum's collection is a picture by Salvador Dali.* ပြတိုက်၏ ပန်းချီကားစုများထဲသို့ နောက်ဆုံးပေါင်းစပ်ထည့်သွင်းခြင်းခံရသည်မှာ ဆယ်လ်ဗေဒေါ ဒါလီ၏ ပန်းချီကားဖြစ်သည်။

**make an addition** ပေါင်းစပ်ထည့်သွင်းခြင်းပြုလုပ်။ *Several helpful additions have been made to this piece of software in the new version.* အကျိုးပြုပေါင်းစပ်ဖြည့်စွက်မှုအချို့ကို ဤဆော့ဖ်ဝဲ အစိတ်အပိုင်းထဲသို့ အသွင်သစ်ဖြင့်ဖြည့်ဆည်းပေါင်းစပ်ထားပြီး ဖြစ်သည်။

**additive** [*n* C]a chemical substance that is added to food in order to make it taste better or stay fresh longer: အရသာပိုကောင်း၍ရေရှည်လတ်ဆတ်နေရန် အစားအစာများထဲသို့ထည့်ရသော ဓာတုဗေဒပစ္စည်း တစ်မျိုး။ *This product contains no artificial additives.* ဤ ထုတ်ကုန်ပစ္စည်းထဲတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ဖန်တီးထားသော ဓာတုဗေဒပစ္စည်းများမပါရှိပေ။


mgyoe.com

mgyoe.com

# ADMIRE

## လေးစားချီးကျူးသည်

**to have a very good opinion of someone**

တစ်စုံတစ်ယောက်အပေါ်အလွန်ကောင်းမွန်သော အထင်အမြင်ထားရှိသည်၊ လေးစားချီးကျူးသည်။

### 1 to admire someone

တစ်စုံတစ်ယောက်ကို လေးစားချီးကျူးသည်။

**admire** [*v* T ] to have a very good opinion of someone, either because they have achieved something special or because they have skills or qualities that you would like to have: သူသည် ထူးထူးခြားခြား စွမ်းဆောင်မှုတစ်ရပ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်သောကြောင့်ဖြစ်စေ သင်ရယူပိုင်ဆိုင်လိုသော ကျွမ်းကျင်မှုများ၊ ဂုဏ်ရည်များသူ့တွင် ပိုင်ရှိနေသောကြောင့်ဖြစ်စေ လူတစ်ယောက်အပေါ်၌ အလွန်မြင့်မားကောင်းမွန်သည့် အမြင်ထားရှိသည်။ အလွန်လေးစားချီးကျူးသည်။ *I admire the way she's brought up those children on her own.* သူမသည် ထိုကလေးများကို သူမကိုယ်တိုင် ကောင်းကောင်းမွန်မွန်ကြီးပြင်းလာအောင် ထိန်းကျောင်းစောင့်ရှောက်ပုံနည်းလမ်းကို ကျွန်ုပ်လေးစားချီးကျူးပါသည်။ *Which world leader do you most admire?* မည်သည့်ကမ္ဘာ့ခေါင်းဆောင်ကို သင်အလေးစားဆုံးလဲ။

**admire sb for sth** တစ်စုံတစ်ယောက်ကို တစ်စုံတစ်ခုအတွက် ချီးကျူးသည်။ *She had to admire him for the way he handled the situation.* အခြေအနေကို သူကိုယ်တွယ်ပုံနည်းလမ်းအတွက် သူမက သူ့ကိုလေးစားချီးကျူးခဲ့သည်။

mgyoe.com

mgyee.com

**respect** [*v* T] to have a good opinion of someone, even if you do not agree with them or want to be like them, because they have high standards and good personal qualities: ထိုသူနှင့် သင်သဘောတူညီ တိုက်ဆိုင်ခြင်း သို့မဟုတ် သူ့လိုဖြစ်ရန် အားကျခြင်းမရှိသော်လည်း သူ့ကို သင်ကလေးစားသည်။ အကြောင်းမူကား သူ့တွင်မြင့်မားသော စံနှုန်းများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အရည်အချင်းများရှိသောကြောင့် ဖြစ်သည်။ *Dr. Fu Manchu was a very strange man but his readers, including me, respected him.* ဒေါက်တာ ဖူမန်ချူးသည် အလွန်ထူးဆန်းသော လူတစ်ယောက်ဖြစ်သည်။ သို့သော် ကျွန်ုပ်အပါအဝင် သူ၏ စာဖတ်သူများက သူ့ကို လေးစားခဲ့ကြသည်။ **respect sb for doing sth** တစ်စုံတစ်ယောက်ကို တစ်စုံတစ်ခုပြုလုပ်မှုအတွက် လေးစားသည်။ *I don't agree with him, but I respect him for sticking to his principles.* ကျွန်ုပ်သည် သူနှင့် စိတ်သဘောထားခြင်းမတိုက်ဆိုင်ပါ။ သို့သော် သူသည် သူ၏ မူဝါဒများကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားမှုကြောင့် ကျွန်ုပ်က သူ့ကိုလေးစားပါသည်။

> ⚠ **Don't say 'I respect to him'. Just say I respect him.**

**respect** မှာ နောက်က **to** ထည့်ရန်မလို။

**look up to sb** [*phrasal Verb* T] to admire and respcet someone who is older than you or who has authority over you: သင့်ထက်ပိုမိုအသက်ကြီးသော သို့မဟုတ် သင့်အပေါ်တွင် ဩဇာအာဏာရှိသောတစ်စုံတစ်ယောက်ကို ချီးကျူးလေးစားသည်။ *I always looked up to my older brothers.* ကျွန်ုပ်

mgyee.com

mgyoe.com
သည် ကျွန်ုပ်၏အစ်ကိုများကို အမြဲချီးကျူးလေးစားသည်။
**idolize** (also **idolise** BRITISH)[*v* T] to admire someone very much, especially a famous person, so that you think everything about them is perfect: သူနှင့်ပတ်သက်သော အရာရာတိုင်း ကောင်းသည်ဟု ထင်မှတ်မိသည့်တိုင်အောင် အထူးသဖြင့် ထင်ပေါ်ကျော်ကြားသော လူတစ်စုံတစ်ယောက်ကို နှစ်သက်သဘောကျ အထင်ကြီးလေးစားသည်။ *Marilyn Monroe was idolized by movie fans all over the world.* မာရီလင်မွန်ရိုးသည် ကမ္ဘာအနှံ့အပြားရှိ ရုပ်ရှင်ဝါသနာရှင်များ၏ အလွန်နှစ်သက်သဘောကျ ချစ်ခင်ခြင်းကို ခံယူရရှိခဲ့သည်။
**2** the feeling of admiring someone
တစ်စုံတစ်ယောက်ကိုလေးစားချီးကျူး နှစ်သက်သဘောကျသော ခံစားချက်သို့မဟုတ် စိတ်
**admiration** [*n* U ] the feeling that someone is very good, very clever etc, either because of something special they have achieved or because they have skills or qualities you would like to have: ထူးခြားမှု တစ်စုံတစ်ခုရှိသောကြောင့် ဖြစ်စေ၊ သင်ပိုင်ဆိုင်ရယူလိုသော ကျွမ်းကျင်မှုများ အရည်အချင်းများရှိသောကြောင့် ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို အလွန်ကောင်းသည်၊ တော်သည်၊ ကျွမ်းကျင်လိမ္မာသည်စသဖြင့် မှတ်ယူသော ခံစားချက်။
**in /with admiration** တအံ့တသြ၊ ချီးကျူးလေးစား နှစ်သက်သဘောကျစွာ။ *We listened with admiration as she played the violin.* သူမ တယောထိုးနေခဲ့စဉ် ကျွန်ုပ်တို့သည် တအံ့တသြ နှစ်သက်သဘောကျ ချီးကျူးစွာနားဆင်ခဲ့ကြသည်။
**+ for** အတွက် *The other players were full of admi-*
mgyoe.com

*ration for him.* အခြားသော အားကစားသမားများသည် သူ့ကို နှစ်သက်သဘောကျ ချီးကျူးမှုအပြည့်အဝရှိခဲ့ကြသည်။

**respect** [*n* C] the feeling that someone is good because they have high standards and good personal qualities: သူတွင် မြင့်မားသည့်စံနှုန်းများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အရည်အချင်းများရှိသောကြောင့် တစ်စုံတစ်ယောက်ကို ကောင်းသည်၊ တော်သည်ဟု ခံစားဖြစ်ပေါ်လာသည့်စိတ်၊ လေးစားမှု။

+**for** အတွက် *My respect for my teacher grew as the months passed.* လများ ကုန်လွန်သွားခဲ့သည်နှင့်အမျှ ကျွန်ုပ်၏ဆရာအတွက် ကျွန်ုပ်၏လေးစားမှုသည် ကြီးမားဖွံ့ထွားလာခဲ့သည်။

**great respect** (=a lot of respect) ကြီးမားသောလေးစားမှု။ *I have great respect for Tony's judgment.* ကျွန်ုပ်တွင် တိုနီ၏ ဆုံးဖြတ်ချက်အတွက် ကြီးမားသော လေးစားမှုရှိပါသည်။ သို့မဟုတ် အကြီးအကျယ် လေးစားချီးကျူးပါသည်။

**earn/win sb's respect** (=make someone respect you) တစ်စုံတစ်ယောက်၏ လေးစားမှုကို ရရှိသည်။ (တစ်ယောက်ယောက် သင့်ကို လေးစားလာအောင်ပြုလုပ်သည်။) *She always managed to win the kid's respect.* သူမသည် ကလေးများ၏ လေးစားမှုကို အမြဲကြိုးစားရယူနိုင်ခဲ့သည်။

**3** someone you admire

သင် ချီးကျူးလေးစားသူတစ်ယောက်

**hero/heroine**[*n* C] လူစွမ်းကောင်းအမျိုးသား၊ လူစွမ်းကောင်းအမျိုးသမီး။ your **hero** or **heroine** is a man or woman who you admire very much because of their achieve-

ments, skills or personal qualities: သင်၏ လူစွမ်းကောင်း အမျိုးသား သို့မဟုတ် လူစွမ်းကောင်းအမျိုးသမီးဆိုသည်မှာ သူတို့၏ အောင်မြင်စွမ်းဆောင်မှုများ၊ ကျွမ်းကျင်မှုများ အရည်အချင်းများအတွက် သင်က ချီးကျူးလေးစားသူများဖြစ်သည်။ *I used to love David Bowie he was my hero.* ကျွန်ုပ်သည် ဒေးဗစ်ဘိုဝီကို ချီးကျူးလေးစားလေ့ရှိခဲ့သည်။ သူသည် ကျွန်ုပ်၏ ဟီးရိုးဖြစ်ခဲ့သည်။

**idol** [*n* C] a famous actor,actress, musician or sports player that a lot of people admire: လူအများအပြားက လေးစားချစ်ခင်သည့် ကျော်ကြားသောအမျိုးသားသရုပ်ဆောင်၊ အမျိုးသမီးသရုပ်ဆောင်၊ တူရိယာဂီတပညာရှင် သို့မဟုတ် အားကစားသမား။ *Thousands of fans were at the airport to greet their idol.* ထောင်ပေါင်းများစွာသော ဝါသနာရှင်တို့သည် သူတို့ချစ်ခင်လေးစားသူကိုကြိုဆိုရန် လေဆိပ်သို့ ရောက်ရှိခဲ့ကြသည်။ *Marlon Brando is the ageing Hollywood idol.* မာလွန်ဘရန်ဒိုသည် အသက်အိုမင်းနေပြီဖြစ်သော ဟိုးလီးဝုဒ်သူရဲကောင်းဖြစ်သည်။

## ADMIT

### သဘောတူ ဝန်ခံသည်

**1** to agree that you have done something wrong

သင် အမှားတစ်ခုခု ပြုလုပ်မိကြောင်း သဘောတူ(ဝန်ခံ)သည်

**admit** [*v* T] to say that you have done something wrong or illegal, especially when someone asks or persuades you to do this: တစ်စုံတစ်ယောက်က ထိုကဲ့သို့ ပြုလုပ်(ဝန်ခံ)ရန်

mgyee.com

စစ်မေးသောအခါ သို့မဟုတ် ဆွဲဆောင်လာသောအခါ မကောင်းမှု သို့မဟုတ် တရားဥပဒေနှင့်မညီသော အမှုတစ်ခုခု ပြုလုပ်ခဲ့ကြောင်း ဖြေကြားပြောဆိုသည်။

**+that** + ဟု။ *Blake finally admitted he had stolen the money.* ဘလိတ်က နောက်ဆုံး၌ သူသည် ပိုက်ဆံခိုးယူခဲ့ပါသည်ဟုဝန်ခံခဲ့သည်။ *She admitted that she had made a mistake.* သူမသည် အမှားတစ်ခုကို ပြုလုပ်ခဲ့ပါသည်ဟု သူမက ဝန်ခံခဲ့သည်။

**admit (to) doing sth** တစ်စုံတစ်ခု ပြုလုပ်ခြင်းကို ဝန်ခံသည်။ *Many workers admit to taking time off work when they are not sick.* နာဖျားခြင်းမရှိကြဘဲနှင့် အလုပ်မှခွင့်ယူခြင်း (မမှန်ကန်သောနည်းဖြင့်) ပြုကြကြောင်းဖြင့် များစွာသောအလုပ်သမားတို့က ဝန်ခံကြသည်။

**admit responsibility** တာဝန်ရှိကြောင်းဝန်ခံသည်။ *The hospital has refused to admit responsibility for his death.* ဆေးရုံသည် သူ၏ သေဆုံးမှုအတွက် တာဝန်ရှိကြောင်း ဝန်ခံရန် ငြင်းဆိုသည်။

**confess** [*v* I/T] to tell the police or someone in a position of authority that you have done something very bad, especially after they have persuaded you to do this: အထူးသဖြင့် သူတို့က ထိုသို့ပြုလုပ်ရန် ဆွဲဆောင်ပြောကြားပြီးနောက် ရဲများသို့မဟုတ် အခွင့်အာဏာရှိသောသူ တစ်ဦးတစ်ယောက်အား အလွန်ဆိုးရွားသောအမှုကိစ္စတစ်ရပ်ကို လက်ရောက်ကျူးလွန်မိကြောင်း ဝန်ခံဖြောင့်ဆိုသည်။ *After two days of questioning, he finally confessed.* နှစ်ရက် စစ်ဆေးမေးမြန်းပြီး

mgyee.com

နောက် သူက နောက်ဆုံးမှာဝန်ခံသည်။

**+that +ဟု** *She confessed that she had killed her husband.* သူမ၏ခင်ပွန်းကိုသတ်ခဲ့ပါသည်ဟု သူမကဝန်ခံခဲ့သည်။

**confess to a robbery/murder/crime etc** လုယက်တိုက်ခိုက်မှု၊ လူသတ်မှု၊ ရာဇဝတ်မှု စသည်ကို ဝန်ခံသည်။ *Some people were forced to confess to crimes they had not committed.* အချို့သော လူများသည် သူတို့ မကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြောင်း အတင်းအကျပ် ဝန်ခံခိုင်းခြင်း ခံခဲ့ရသည်။

**confess to doing sth** တစ်စုံတစ်ခု ပြုလုပ်ခြင်းကိုဝန်ခံသည်။ *Edwards eventually confessed to being a spy.* အက်ဒွပ်က သူလျှိုတစ်ယောက်ဖြစ်ခြင်းကို နောက်ဆုံး၌ ဝန်ခံခဲ့သည်။

**own up** [*phrasal verb* T] to admit that you did something, especially not very serious: အထူးသဖြင့် သိပ်အရေးမကြီးသည့် ကိစ္စတစ်ရပ်ကို လုပ်ဆောင်ခဲ့ကြောင်း ဝန်ခံသည်။ *Unless the guilty person owns up the whole class will be punished.* အပြစ်ရှိသူကဝန်မခံရင် တစ်တန်းလုံးဒဏ်ပေးခံရမယ်။

**own up to (doing ) sth** တစ်စုံတစ်ခု ပြုလုပ်ခြင်းကို ဝန်ခံသည်။ *No-one owned up to breaking the window.* ပြတင်းပေါက်ကို ချိုး-ခွဲကြောင်း မည်သူကမျှဝန်မခံခဲ့ပေ။

⚠ **Own up** is more informal than **admit** or **confess.**
own up က admit or confess ထက် အရပ်စကားဆန်သည်။

myanmarjob.com

2 statement admitting something

တစ်စုံတစ်ခုကို ဝန်ခံကြောင်း ဖော်ပြပုံ

**confession** [*n* C] an official statement that someone makes to the police, admitting that they have done something illegal and explaining what had happened: *Sergeant Thompson wrote down Smith's confession and asked him to sign it.* ရဲတပ်ကြပ်ကြီး သွန်မဆင်သည် စမစ်၏ ဖြောင့်ချက်ကိုရေးမှတ်၍ သူ့အားလက်မှတ်ရေးထိုးရန် ပြောကြားခဲ့သည်။

**make a confession** ဖြောင့်ချက်ပေးသည်။ *At 3 a.m., Higgins broke down and made a full confession.* နံနက် (၃)နာရီ၌ ဟစ်ဂင်(စ်)သည် သူ့ကိုသူ မထိန်းနိုင်ဖြစ်ခဲ့၍ အပြည့်အစုံ ဖြောင့်ချက်ပေးခဲ့သည်။

**admission** [*n* C usually singular] when you admit that you were wrong or that you have done something bad or illegal: မှားယွင်းခဲ့ကြောင်း သို့မဟုတ် မကောင်းတာ သို့မဟုတ် တရားဥပဒေနှင့် မညီညွတ်တာ တစ်ခုခုပြုလုပ်မိကြောင်း ဝန်ခံခြင်း။ *You only married him for his money? What an admission!* နင်က သူ့ကို သူ့ပိုက်ဆံတွေအတွက် လက်ထပ်ခဲ့တယ်ပေါ့။ တယ်ဟုတ်တဲ့ ဝန်ခံချက်တစ်ရပ်ပါလားဟေ့။

**+that** +ဟု။ *The Senator's admission that he had lied to Congress shocked many Americans.* အထက်လွှတ်တော်အမတ်က အောက်လွှတ်တော်၌ သူလိမ်ညာပြောကြားခဲ့ပါသည်ဟု ဝန်ခံချက်သည် များစွာသော အမေရိကန်တို့ကို အထိတ်တလန့် ဖြစ်စေခဲ့သည်။

myanmarjob.com

mgyoe.com

**admission of guilt / failure /defeat** (=when you admit that you are guilty, you have failed etc) အပြစ်၊ မအောင်မြင်မှု သို့မဟုတ် ပျက်ကွက်မှု၊ ရှုံးနိမ့်မှုတိုကို ဝန်ခံခြင်း။ (=သင့်မှာ အပြစ်ရှိပါသည်၊ သင်သည် မအောင်မမြင်ဖြစ်ခဲ့ပါသည်။ ပျက်ကွက်ခဲ့ပါသည်ဟုစသဖြင့် ဝန်ခံသည်) *The court may assume that your silence is an admission of guilt.* သင်၏ဆိတ်ဆိတ်နေမှုသည် အပြစ်ရှိကြောင်း ဝန်ခံရာရောက်သည်ဟု တရားရုံးတော်က မှတ်ယူဖွယ်ရှိသည်။

**3** to agree that something is true, although you do not want to

သဘောမတူလိုသော်လည်း မှန်ကန်ကြောင်း သဘောတူလိုက်ရသည်

**admit** [*v* T] to accept that somehing is true or that someone is right, although you do not want to accept it, or you feel embarrassed about accepting it: သင်က လက်မခံလို သို့မဟုတ် လက်ခံရန် ဘဝင်မကျဖြစ်သော်လည်း တစ်စုံတခု သို့မဟုတ် တစ်စုံတစ်ယောက်ကို မှန်ကန်သည်ဟု လက်ခံသည်။ *'Yes, I was frightened,' he admitted.* ဟုတ်ကဲ့၊ ကျွန်တော် ကြောက်ရွံ့ခဲ့ပါတယ်ဟု သူကဝန်ခံခဲ့သည်။

**+that** +ကြောင်း၊ ဟု။ *I know you don't like her, but you have to admit that she's good at her job.* ခင်ဗျားက သူမကို သဘောမကျကြောင်း ကျွန်တော်သိပါသည်။ သို့သော် သူမသည် သူမ၏ အလုပ်မှာတော်ကြောင်း ခင်ဗျားဝန်ခံရမည် ဖြစ်ပါသည်။

**admit (to) doing sth** တစ်စုံတစ်ခုသော (မကောင်းမှု)ကို ပြုလုပ်ခဲ့ကြောင်း ဝန်ခံသည်။ *Both men admitted to have*

mgyoe.com

myanmar.com

*ing admired Hitler during 1930s.* လူနှစ်ယောက်လုံး ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းက ဟစ်တလာကို လေးစားချီးကျူးခဲ့မိကြောင်းဝန်ခံခဲ့သည်။

**I must admit (that) /I have to admit (that)** SPOKEN စကားပြောမှာ။ ကျွန်ုပ်သည်. . . . ဟု ဝန်ခံရပါမည်။ *I must admit I really enjoy watching soap operas.* ကျွန်ုပ်သည် (ရေဒီယို၊ တီဗွီစသည်တို့မှပြသမယ်သာ) အိမ်တွင်းရေးရာများနှင့်ဆိုင်သည့် ဇာတ်လမ်းတွဲများ စောင့်ကြည့်ရတာကို အမှန်ပင် နှစ်သက်ပါသည်ဟု ဝန်ခံရမည်ဖြစ်ပါသည်။

**admit it** ဝန်ခံစမ်းပါ။ SPOKEN စကားပြောမှာ။ *You were wrong, weren't you? Come on, admit it!* မင်းမှားခဲ့တယ်ကွ၊ မမှားခဲ့ဘူးလား၊ သတ္တိရှိလေ၊ ဝန်ခံစမ်းပါ။

**admittedly** (*adv*) ဝန်ခံစွာ။ SPOKEN စကားပြောမှာ။ use this when you are admitting that something is true: တစ်စုံတစ်ခုမှန်ကန်ကြောင်း ဝန်ခံလိုသောအခါ ဤကြိယာဝိသေသနကို သုံးသည်။ *Admittedly, the questions were fairly easy, but you all did very well.* ဝန်ခံရလျှင် မေးခွန်းများသည် အတန်အသင့်မျှသာ လွယ်ကူခဲ့သည်။ သို့သော် မင်းတို့ အားလုံး ကောင်းစွာဖြေဆိုနိုင်ခဲ့သည်။ *The treatment is painful, admittedly, but it is usually very successful.* ကုသမှုသည် ဝန်ခံရလျှင် နာကျင်သည်။ သို့သော်အလွန်အောင်မြင်လေ့ရှိပါသည်။


myanmar.com

mgyoe.com

## ADULT

## အရွယ်ရောက်သူ၊ လူကြီး

➡ **Opposite** ဆန့်ကျင်ဘက် **CHILD** ကလေး

➡ See also **AGE, OLD, YOUNG** အသက်အိုသော ငယ်သောတို့လည်း ရှု။

**1** not a child

ကလေးတစ်ယောက် မဟုတ်

**adult** [*n* C] အရွယ်ရောက်သူ၊ လူကြီး။ someone who is not a child ကလေးတစ်ယောက် မဟုတ်တော့သော တစ်စုံတစ်ယောက်။ use this to talk about someone who is at least 18. အနည်းဆုံး ၁၈ နှစ် ရှိသူတစ်ယောက်၏ အကြောင်းကို ပြောလိုသောအခါ ဤစကားကိုသုံးပါ *The cost of the trip is $ 59 for adults and $30 for children*. ခရီးလမ်းအတွက် လူကြီး ၅၉ ဒေါ်လာဖြစ်၍ ကလေးများအတွက် ၃၀ ဒေါ်လာ ဖြစ်သည်။ *Some children find it difficult to talk to adults.* အချို့ ကလေးများသည် လူကြီးများနှင့် စကားပြောရန်ခက်ခဲကြောင်း တွေ့ရှိကြသည်။

ဒါကတော့ အင်္ဂလိပ်စာတစ်ကြောင်း မြန်မာစာတစ်ကြောင်းတိုက်ပြီး (ရသမြောက်တာ မမြောက်တာအပထား) ဖတ်ရှုလေ့လာရတဲ့ ပညာပေးစာဖြစ်တာမို့ find ရဲ့ အဓိပ္ပာယ်ပါအောင် 'တွေ့ရှိကြသည်'ထည့်ပြီး ဘာသာပြန်ရတာဖြစ်တယ်။ တကယ်ကတော့ အချို့သောကလေးများအတွက် လူကြီးများနှင့် စကားပြောရန် ခက်ခဲကြသည်လို့ နားလည်လိုက်တာက ပိုမြန်မာဆန်တယ်။

mgyoe.com

⚠ You can also use **adult** before noun, like an adjective: *This book is intended for adult readers.*

ဤစကားလုံးကို နာမ်ရှေ့မှာထား၍ နာမဝိသေသနကဲ့သို့လည်း သုံးနိုင်သည်။ ဤစာအုပ်ကို သက်ကြီးစာဖတ်သူများအတွက် ရည်ရွယ်သည်။ (ကလေးများအတွက်မဟုတ်)

adult education သက်ကြီးပညာရေး

⚠ Don't say "adult people". Just say '**adults**'.
အရွယ်ရောက်သူများဟု ပြောလိုလျှင် adults ဟု သာ ပြော။ adult people ဟုမပြောနှင့်။

**grown -up** [*n* C] လူကြီး၊အရွယ်ရောက်သူ။an adult-used especially by children or when you are talking to children: အထူးသဖြင့် ကလေးများကပြောသည့် အသုံးအနှုန်း။ သို့မဟုတ် သင်က ကလေးများကို ပြောသည့်အခါမှာ သုံးသည်။ *Grown-ups are so boring! All they ever do is talk!* လူကြီးတွေဟာ စိတ်ပျက်ငြီးငွေ့စရာကောင်းတယ်ကွာ။ သူတို့တွေ အမြဲတမ်း စကားပြောနေကြတာပဲ။

**grown- up** [*adj*] အရွယ်ရောက်သော။ *Margaret has two grown -up sons.* မားဂရက်မှာ အရွယ်ရောက်သော၊ သို့မဟုတ် အရွယ်ရောက်ပြီးသော သားနှစ်ယောက်ရှိသည်။ *Ryan felt very grown-up being allowed to stay up so late.* ရိုင်ယင်သည် ညဥ့်နက်သည်အထိ မအိပ်ဘဲ နေခွင့်ပြုခြင်းခံရသောကြောင့် သူကိုယ်သူကြီးပြင်းပြီဟု အလွန်ခံစားမိသည်။ သို့မဟုတ် လူပျိုကြီးဖြစ်ပြီဟု စိတ်ကြီးဝင်သည်။

**full grown /fully grown** [*adj*] အပြည့်အဝ သို့မဟုတ် ပြည့်ဝစွာ ကြီးပြင်းပြီးဖြစ်သော။ a person, animal, or plant that is **full grown** or **fully grown** has reached its full adult size: အပြည့်အဝကြီးပြင်းသော သို့မဟုတ် ပြည့်ဝစွာ ကြီးပြင်းပြီးဖြစ်သော လူတိရစ္ဆာန် သို့မဟုတ် ရာသီပင်သည် သူ၏/သူမ၏/ထိုဟာ၏ အပြည့်ဖြိုး အမြင့်မားဆုံးသောအရွယ်နှင့် အမြင့်သို့ ရောက်ရှိပြီးဖြစ်သည်။ *A fully grown blue whale may be up to 30 m long.* အပြည့်အဝကြီးပြင်းပြီးသားဖြစ်သော အပြာရောင်ဝေလငါးတစ်ကောင်သည် မီတာ ၃၀ အထိ ရှည်လျားနိုင်ဖွယ်ရှိသည်။

**2** to become an adult

အရွယ်ရောက်သူ၊ ကြီးပြင်းသူတစ်ယောက်ဖြစ်ရန်

**grown up** [*phrasal verb* I] to become an adult: အရွယ်ရောက်ကြီးပြင်းသူတစ်ယောက် ဖြစ်လာသည်။ *What do you want to do when you grow up?* မင်းကြီးပြင်းသောအခါ မင်း ဘာလုပ်ချင်သလဲ။ *We plan to go and live in Florida when the chidren have grown up.* ကလေးတွေ ကြီးပြင်းလာသောအခါ ကျွန်ုပ်တို့သည် ဖလော်ရီဒါပြည်နယ်မှာ သွားရောက်နေထိုင်ရန် ကြံရွယ်သည်။

**3** the time when you are an adult

သင် လူကြီးဖြစ်ချိန်

**adult life** [*n* U] လူကြီးဘဝ။ the part of someone's life when they are adults: တစ်စုံတစ်ယောက် လူကြီးဖြစ်လာသောအခါ၌ ဘဝ၏အစိတ်အပိုင်း။ *He has spent most*

*of his adult life in the US.* သူသည် သူ၏လူကြီးဘဝတစ်ခုလုံး လိုလိုကို အမေရိကန်ပြည်ထောင်စု၌ ကုန်လွန်သည်။

**adulthood** [*n* U] လူကြီးအဖြစ်။ FORMAL ပုံစံအတိုင်းဖြစ်သော။ the time when someone is an adult လူကြီးအဖြစ်သို့ ရောက်ရှိချိန်၊ ကြီးပြင်းသူဖြစ်လာချိန်၊ ယင်းအချိန်သို့ရောက်ရှိလာသူတစ်ယောက်၏အကြောင်းကို ပြောသောအခါမှာ ဤအသုံးအနှုန်းကိုအထူးသဖြင့် သုံးပါ။ *Children with the disease have little chance of surviving to adulthood.* ရောဂါရှိသော ကလေးများသည် လူကြီးအဖြစ်သို့ အသက်ရှင်ရောက်ရှိဖို့ အခွင့်အရေးမရှိသလောက် နည်းပါးသည်။

a little = ရေတွက်လို့ မရသည့်အနည်းငယ် ဖြစ်သော
little = ရေတွက်လို့မရသည့်မရှိသလောက်ဖြစ်သော

**reach adulthood** (= become an adult) လူကြီးအဖြစ် လူကြီးဘဝသို့ ရောက်ရှိသည်။လူကြီးတစ်ယောက်ဖြစ်လာသည်။ *By the time we reach adulthood our heart-rate has dropped to around 70 beats per minute.* ကျွန်ုပ်တို့ လူကြီးအဖြစ်သို့ရောက်သောအချိန်၌ ကျွန်ုပ်တို့၏ နှလုံးခုန်နှုန်းသည် 'တစ်မိနစ်လျှင် ၇၀ ဝန်းကျင်အထိ ကျဆင်းသည်။

## ADVANTAGE/ DISADVANTAGE

### ကောင်းကျိုးဆိုးပြစ်

**1** a good feature of something

တစ်စုံတစ်ခု၏ ကောင်းမွန်သောလက္ခဏာ

**advantage** [*n* C] a good feature of something, for example a way in which it is useful or better than other things of the same kind: တစ်စုံတစ်ခု၏ ကောင်းသောလက္ခဏာ

ရပ်၊ မျိုးတူအခြားသောအရာများထက် ပိုမိုကောင်းသည်။ *There are several methods of saving money, but this one has obvious advantages.* ငွေစုပုံနည်းများစွာ ရှိလေသည်။ သို့ သော် ဤနည်း၌ထင်ရှားသော ကောင်းကျိုးများရှိသည်။ **+of** +၏။ *The advantage of cycling to work is that I get some exercise.* အလုပ်သို့စက်ဘီးစီးသွားခြင်း၏ အကျိုးတရားသည် လေ့ကျင့်ခန်းအချို့ကို ကျွန်ုပ်ရရှိခြင်းဖြစ်သည်။ **big advantage** ကြီးမားသော အကျိုးတရား။ *One of the biggest advantages of this course is that it gives students experience of working in a company.* ဤသင်တန်း၏ အကြီးမားဆုံးသော အကျိုးကျေးဇူးများထဲမှတစ်ခုမှာ ကျောင်းသားများကို ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်ရသည့် အတွေ့အကြုံကို ပေးခြင်းဖြစ်သည်။

**the good thing about sth** တစ်စုံတစ်ခုနှင့် ပတ်သက်၍ ကောင်းသောအချက်။ SPOKEN စကားပြောမှာ use this when you are talking about one of the main advantages of something: အကြောင်းကိစ္စတစ်ရပ်၏ ကောင်းသောအချက် (ဝါ) အားသာချက်ကို ဖော်ပြလိုသောအခါမှာ သုံးပါ။ *The good thing about this job is that I can work at home whenever I want.* ဤအလုပ်နှင့်ပတ်သက်၍ အားသာချက်သည် ကျွန်ုပ်အလိုရှိသည့်အခါတိုင်း အိမ်၌လုပ်ကိုင်၍ရခြင်းပင် ဖြစ်သည်။

**benefit** [*n* C/U] အကျိုးအမြတ်။ a feature of something that has a good effect on people's lives: လူများ၏ဘဝ၌ ကောင်းသောအကျိုးဖြစ်စေသည့် လက္ခဏာရပ်။ *Tourism has*

mgyoe.com
*brought many benefits to that area.* ခရီးသွားလာမှု လုပ်ငန်းက ထိုဒေသအတွက် အကျိုးအမြတ်များစွာကို ဖြစ်ပေါ်စေသည်။

**+of +၏။** the benefits of a healthy lifestyle ကျန်းမာရေးကောင်းသော ဘဝနေထိုင်မှုဟန်အသွင်၏ အကျိုးအမြတ်များ။ *What are the benefits, for Britain, of belonging to the European Union?* ဥရောပသမဂ္ဂထဲသို့ ဗြိတိန်နိုင်ငံပါဝင်ခြင်းဖြင့် အကျိုးအမြတ်များက မည်သည်တို့ဖြစ်ကြပါသလဲ။

**2** a bad feature of something

**တစ်စုံတစ်ခု၏ မကောင်းသောသွင်ပြင်လက္ခဏာ**

**disadvantage** [*n* C] a bad feature of something, for example a way in which it causes problem or is worse than other things of the same kind: တစ်စုံတစ်ခု၏ မကောင်းသောသွင်ပြင်လက္ခဏာ၊ ဥပမာ. . . ပြဿနာများကို ဖြစ်ပေါ်စေလာခြင်း၊ သို့မဟုတ် မျိုးတူအခြားသော အရာများထက် ပိုမိုဆိုးရွားသော သက်ရောက်မှုများကိုဖြစ်စေသည့်အခါမျိုးတွင် သုံးသည်။

**+ of + ၏** *Nuclear power has a lot of disadvantages, for example what do you do with all the nuclear waste?* နျူကလီးယားဓာတ်အား၌ များစွာသောဆိုးကျိုးများရှိသည်။ ဥပမာပြရလျှင် နျူကလီးယားအညစ်အကြေးများနှင့် ပတ်သက်၍ မည်သို့လုပ်မည်နည်း။ *The main disadvantage of being a nurse is working irregular hours.* သူနာပြုလုပ်ရခြင်း၏ အဓိကဆိုးကျိုးသည် အချိန်နာရီမမှန် အလုပ် လုပ်ရခြင်း ဖြစ်သည်။

mgyoe.com

myanmar.com

**drawback** [*n* C] အားနည်းချက်၊ ပျော့ကွက်၊ ဟာကွက်။ a disadvantage of something,which makes it seem less attractive-use this especially when something seems good in other ways: တစ်စုံတစ်ခု၏ မကောင်းသည့်အချက်။ ယင်းအချက်ကြောင့် ဆွဲဆောင်အားယုတ်လျော့သွားသည်။ အခြားသော အားသာချက်များစွာရှိနေဖွယ်ရှိသော ကိစ္စအကြောင်း ပြောဆိုလိုသောအခါမျိုးမှာ ဤစကားကိုအထူးသဖြင့် သုံးသည်။ *It's a good-looking car–the only drawback is the price.* အလွန်လှတဲ့ကောင်းတဲ့ ကားပဲ။ တစ်ခုထဲသော အားနည်းချက်ကတော့ ဈေးနှုန်းပဲဖြစ်တယ်။

**+ of** + ၏ *One of the drawbacks of working for a large company is that you never know who is really in charge.* ရောမကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်ပေးရသည့် အားနည်းချက်တွေထဲက တစ်ခုကတော့ဘယ်သူသည် အမှန်တကယ်ကြီးမှူးသည်၊ တာဝန်ရှိသည်ဆိုသည်ကို မသိနိုင်သောအချက် ဖြစ်သည်။

**+ to** + မှာ *There are quite a lot of drawbacks to this method.* ဤနည်းလမ်းမှာ ပျော့ကွက်ဟာကွက် အများအပြားရှိသည်။

**3** When you compare what is good and bad about something

**တစ်စုံတစ်ခု၏ အားသာချက် အားနည်းချက်များကို နှိုင်းယှဉ်ရာမှာ သုံးသည်**

the **advantages and disadvantages** အားသာချက်များနှင့် အားနည်းချက်များ the good and bad features of something-use this especially when you are comparing what

mgyee.com

is good and what is bad about something တစ် စုံတခု၏ ကောင်းသောနှင့် ဆိုးသောလက္ခဏာသွင်ပြင်များ။ အထူးသဖြင့် ကောင်းသောအချက်များနှင့် မကောင်းသောအချက်များကို နှိုင်းယှဉ်သောအခါမှာသုံးပါ။

**+ of +** ၏ *We had to write about the advantages and disadvantages of living in the country.* ကျွန်ုပ်တို့သည် ကျေးလက်၌ နေထိုင်ခြင်း၏အားသာချက်များနှင့်အားနည်းချက်များ (ကောင်းကျိုးများနှင့်မကောင်းကျိုးများ)အကြောင်းကို ရေးသားခဲ့ရပါသည်။

**pros and cons** the advantages and disadvantages of something,which you need to think about in order to make a decision: အားသာချက်များနှင့် အားနည်းချက်များဖြစ်ကြ၍ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်နိုင်စိမ့်သောငှာ သင်သည် ယင်းတို့ကို နှိုင်းယှဉ်စဉ်းစားသုံးသပ်ရန်လိုအပ်သည်။

**+ of +** ၏ *Your doctor should explain the pros and cons of the different treatments available.* သင်၏ ဆရာဝန်သည် ရှိသမျှခြားနားသော ဆေးကုနည်းတို့၏ အားသာချက်များနှင့် အားနည်းချက်များ(ကောင်းကျိုးဆိုးပြစ်များ)ကို ရှင်းပြသင့်သည်။

**weigh up the pros and cons** (=think carefully about all the advantages and disadvantages) ကောင်းကျိုးဆိုးပြစ်များအ ကြောင်းကို ဂရုတစိုက်စဉ်းစားသည်။ သုံးသပ်ချိန်ဆသည်။ *I'm not sure if I'm going to take the job-I need more time to weigh up all the pros and cons.* ငါ အလုပ်ကို လက်ခံမလားဆိုတာ မသေချာသေးဘူး။ အားသာချက် အားနည်း


mgyee.com

mgyoe.com
ချက်တွေအားလုံးကို စဉ်းစားချိန်ဆနိုင်ဖို့ ပိုမိုအချိန်ယူရဦးမယ်။
**4** something that helps someone to be more successful than others

တစ်စုံတစ်ယောက်ကို အခြားသူများထက် ပိုမိုအောင်မြင်စေအောင် ပံ့ပိုးကူညီသောတစ်စုံတစ်ခု

**advantage** [*n* C] something that makes you more likely to succeed than other people အခြားသူများထက် သင့်ကို ပိုမိုအောင်မြင်စေရန် လုပ်ကောင်းလုပ်ဆောင်ပေးနိုင်ဖွယ်ရှိသည့် တစ်စုံတစ်ခု။

**have an advantage** ပံ့ပိုးထောက်ကူမှု တစ်ရပ်ရရှိသည် *The American team seemed to have all the advantages- better traning, better facilities, and much better financial support.* အမေရိကန်အသင်းသည် ပံ့ပိုးထောက်ကူမှုများအားလုံး ရရှိခဲ့ပုံပေါ်သည်။ ယင်းတို့မှာ ပိုမိုကောင်းမွန်သော လေ့ကျင့်မှု၊ ပိုမိုကောင်းမွန်သော ထောက်ကူမှုပစ္စည်းများနှင့် ပိုမိုကောင်းမွန်သော ငွေကြေးပံ့ပိုးမှုတို့ဖြစ်ကြသည်။

**give sb an advantage** (= make them more likely to succeed) တစ်စုံတစ်ယောက်ကို ပိုမိုအောင်မြင်ဖွယ်ဖြစ်စေအောင် လုပ်ဆောင်ပေးသည်၊ ပံ့ပိုးလုပ်ဆောင်ပေးသည်။

**+ over +** အပေါ်မှာ အားသာချက်ရရှိသည်။ *I had already lived in France for a year, and this gave me a big advantage over the other students.* ကျွန်ုပ်သည် ပြင်သစ်ပြည်တွင် တစ်နှစ်ကြာနေခဲ့ပြီးဖြစ်၍ ဤအချက်က ကျွန်ုပ်ကို အခြားသော ကျောင်းသားများပေါ်မှာ ကြီးမားသည့် အားသာချက်တစ်ရပ်ကို ပေးခဲ့သည်(ဝါ)ရရှိစေခဲ့သည်။

**privileges** [*n* C] အခွင့်ထူး a special advantage or right


mgyoe.com

mgyoe.com

that only a few people have, for example because their family is rich or because they have an important job: ဥပမာအဖြစ်ပြရလျှင် သူတို့၏မိသားစုက ချမ်းသာသောကြောင့် သို့မဟုတ် အရေးပါသောလုပ်ငန်းရှိသောကြောင့် လူအနည်းငယ်မျှသာရရှိသည့် အထူးအခွင့်အရေး။ *Foreign diplomats have all kinds of special privileges-for example they can park their cars anywhere they like.* နိုင်ငံခြားသံတမန်တို့သည် အခွင့်ထူးအမျိုးမျိုးကို ရရှိကြသည်။ ဥပမာပြရလျှင် သူတို့သည် သူတို့၏ကားများကို သူတို့ကြိုက်ရာနေရာတွင် ရပ်တန့်ထားနိုင်သည်။

**the privilege of** ၏ အခွင့်ထူး *Not everyone has the privilege of a private education.* လူတိုင်းသည် သီးသန့်ပုဂ္ဂလိကပညာသင်ကြားရေး၏အခွင့်ထူးကို ခံယူရရှိသည်တော့ မဟုတ်ပါ။

**privileged** [*adj*] having a lot of privileges: အခွင့်ထူး အများအပြားရရှိသော။ *At that time, the universities were only open to a privileged minority.* ထိုအချိန်က တက္ကသိုလ်များသည် အခွင့်ထူးခံလူနည်းစုအတွက်သာ ဖွင့်လှစ်ထားခဲ့သည်။

something that makes it more difficult for someone to succeed

တစ်စုံတစ်ယောက်ကို အောင်မြင်ရန် ပိုမိုခဲယဉ်းသွားစေသည့် တစ်စုံတစ်ခု

**disadvantage** [*n* C]something that makes it more difficult for you to succeed or do what you want, especially as compared with other people: အထူးသဖြင့် အခြားသူများနှင့် နှိုင်းယှဉ်လိုက်သောအခါမှာ(သင့်အတွက်) အောင်မြင်ရန် သို့မဟုတ် မိမိပြုလုပ်လိုသည်ကို ပြုလုပ်ရန် ခဲယဉ်းအောင်


mgyoe.com

mgyoe.com
ဟန့်တားနှောင့်ယှက်သော တစ်စုံတစ်ခု။

**have a disadvantage** အားနည်းချက်(ဝါ) ပျော့ကွက်ရှိသည်။ *She has the same qualification as the other candidates, but she has one big disadvantage-she lacks experience.* သူမတွင် အခြားသောအလုပ်လျှောက်ထားသူများကဲ့သို့ တူညီသောအရည်အချင်းများ ရှိသည်။ သို့သော် သူမ၌ ကြီးမားသောအားနည်းချက်တစ်ခု ရှိသည်။ ယင်းကားသူမတွင် အတွေ့အကြုံ ကင်းမဲ့ခြင်း ဖြစ်သည်။

**be at a disadvantage** (=have a disadvantage compared with other people) အခြားသူများနှင့် နှိုင်းယှဉ်လျှင် တစ်ပန်းရှုံးသည်။ *In the basketball team,the smaller players are at a disadvantage.* ဘတ်စကက်ဘောအသင်း၌ သေးငယ်အရပ်ပုသော အားကစားသမားများသည် အခြားသူများနှင့် နှိုင်းယှဉ်လျှင် တစ်ပန်းရှုံးသည်။

WORDBANK
စကားလုံးဘဏ်


## ADVERTISING
## ကြော်ငြာခြင်း

**1** advertising

ကြော်ငြာခြင်း

**advertising** [*n* U] the business of persuading people to buy things, using pictures, words,songs etc on T V and radio, large public notices,and newspapers and magazines: တီဗွီနှင့် ရေဒီယို၊ အများပြည်သူဆိုင်ရာ ကြီးမားသော ကားချပ်ကြီးများ၊ သတင်းစာနှင့်မဂ္ဂဇင်းများ၌ ရုပ်ပုံများ၊ စကားလုံးများ၊ သီချင်းများစသည်တို့ကို အသုံးပြု၍ ကုန်ပစ္စည်းများကို

mgyoe.com




လူတွေက ဝယ်ယူသုံးစွဲလာအောင်ဆွဲဆောင်သော စီးပွားရေးလုပ်ငန်း။ *How much does Coca-Cola spend on advertising?* ကိုကာကိုလာက ကြော်ငြာပေါ်မှာ (ငွေ) ဘယ်လောက်သုံးသလဲ။ *Cigarette advertising isn't allowed on TV any more.* စီးကရက်ကြော်ငြာကို တီဗွီပေါ်မှာ ခွင့်မပြုတော့။ *Beth wants a job in advertising.* 'ဘက်'သည် ကြော်ငြာလုပ်ငန်း၌ အလုပ်တစ်ခုရချင်သည်။ *How much do you think you are influenced by advertising?* သင်သည် ကြော်ငြာ၏လွှမ်းမိုးမှုကို ဘယ်လောက်များများခံရသည်ဟု သင်ထင်ပါသလဲ။

**advertising campaign** (= a planned series of advertisement for a new product) ကြော်ငြာတိုက်ပွဲ၊ ကြော်ငြာစစ်ဆင်ရေး(ဝါ) အသစ်ထုတ်လုပ်လိုက်သော ကုန်ပစ္စည်းတစ်ခုအတွက် စနစ်တကျအစီအစဉ်ချမှတ်၍ အဆက်မပြတ် ကြော်ငြာခြင်း။ *Nissan is about to launch a nationwide adver-*

*tising campaign for its new range of cars.* နစ်ဆန်း(ကုမ္ပဏီ)သည် ယင်း၏အသစ်ထုတ်လုပ်လိုက်သည့် ကားအမျိုးအစားပေါင်းများစွာအတွက် နိုင်ငံအနှံ့၌ ကြော်ငြာတိုက်ပွဲဆင်နွှဲတော့မည်ဖြစ်သည်။

**publicity** [*n* C] the business of making sure that people know about a new product, a new film, a famous person etc , for example by talking about them on TV or writing about them in magazines: အသစ်သောကုန်ပစ္စည်းများ ရုပ်ရှင် သို့ မဟုတ် ကျော်ကြားသူတစ်ယောက်နှင့်ပတ်သက်၍ ပိုမိုအသေအချာ လူသိများလာအောင်လုပ်ဆောင်သည့် စီးပွားရေးလုပ်ငန်း။ ဥပမာ- သူတို့၏အကြောင်းကို တီဗွီမှာပြောကြားခြင်း၊ မဂ္ဂဇင်းများ၌ ရေးသားခြင်းတို့ဖြစ်ကြသည်။ *The show's organizers spent over $500,000 on publicity alone.* ပြပွဲဖြစ် မြောက်အောင် စည်းရုံးလှုံ့ဆော်သူတို့သည် လူသိများအောင် လုပ်ဆောင်မှု (ကြော်ငြာ) တစ်ခုတည်းအပေါ်မှာပင် ဒေါ်လာ ၅၀၀၀၀၀သုံးခဲ့သည်။

**good/bad publicity** ကောင်းသော/ညံ့သော လူသိများ အောင် လုပ်ဆောင်မှု(ဝါ) ကြော်ငြာခြင်း၊ *The band appeared on the Larry King show, which was good publicity for their US tour.* တီးဝိုင်းအဖွဲ့သည် လာရီကင်းပြပွဲ၌ ပါဝင်ဖျော်ဖြေခဲ့၍ ယင်းသို့ဆောင်ရွက်မှုသည် သူတို့၏အမေရိကန်ပြည်ခရီးစဉ်တွင် ကောင်းသောကြော်ငြာမှုတစ်ရပ် ဖြစ်ခဲ့သည်။

**marketing** [*n* C] the business of trying to sell a product by deciding which type of people are likely to buy it and making it attractive and interesting to them: ဘယ်လို

mgyee.com

လူတန်းစားအလွှာက ဝယ်ယူဖွယ်ရှိသလဲ။ သူတို့ကိုဆွဲဆောင်ရန်နှင့် စိတ်ဝင်စားလာအောင် ဘယ်လိုလုပ်ရမလဲစသည်တို့ကို နည်းလမ်းရှာဖွေ စဉ်းစားဆုံးဖြတ်ပြီးမိမိတို့၏ ထုတ်ကုန်ပစ္စည်းကို စွံအောင် ကြိုးစားရောင်းချသည့် စီးပွားရေးလုပ်ငန်း။ *I'm looking for a job in marketing.* ငါ ကုန်ပစ္စည်းရောင်းချရေးမှာ အ လုပ်တစ်ခု ရှာနေတယ်။ *Good marketing has always been a major factor in the company's success.* ကုန်ပစ္စည်းများကို စွံအောင်တွင်ကျယ်အောင် ရောင်းချနိုင်ခြင်းသည် ကုမ္ပဏီတစ်ခု၏ အောင်မြင်မှုအတွက် အမြဲတမ်းအဓိကကျသော အချက်တစ်ရပ်ဖြစ်သည်။

**hype** [*n* C] INFORMAL စည်းကမ်းပုံစံအတိုင်း မဟုတ်သော။ attempts to make people interested in a product, entertainer, film etc, using television, radio, and newspapers –use this to show that you do not trust this kind of information: ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများကို အသုံးပြုလျက် ထုတ်ကုန်ပစ္စည်း၊ ဖျော်ဖြေရေးသမား၊ ရုပ်ရှင်စသည်တို့ကို လူများစိတ်ဝင်စားလာအောင် ကြိုးပမ်းအားထုတ်မှုများ။ ဤကဲ့သို့ သတင်းပေးတင်ပြမှုမျိုးကို သင်လက်ခံယုံကြည်ခြင်းမရှိကြောင်း ဖော်ပြလိုသောအခါမှာ အသုံးပြုပါ။ *Despite all the hype, I thought the film was boring.* အရမ်းကြော်ငြာထားသော်လည်း ရုပ်ရှင်သည် ငြီးငွေ့စရာကောင်းခဲ့သည်ဟု ကျွန်ုပ်ထင်မြင်ခဲ့ပါသည်။

**2** an advertisement

ကြော်ငြာတစ်ခု

**advertisement** [*n* C] something such as a large public

notice, a short film on television, or a picture with words in a newspapers that is designed to persuade people to buy something: ပစ္စည်းတစ်စုံတစ်ခုကို လူများဝယ်ရန် စိစဉ်ပြု လုပ်ဆွဲဆောင်သည့် ရောမကြော်ငြာဆိုင်းဘုတ်၊ ရုပ်မြင်သံကြား ဇာတ်လမ်းတို သို့မဟုတ် သတင်းစာထဲ၌ အရုပ်ကား၊ စကားလုံး များထည့်၍ ဖော်ပြခြင်းကဲ့သို့သော တစ်စုံတစ်ခု။ *Most car advertisements are aimed at men.* ကားကြော်ငြာအများစု တို့သည် အမျိုးသားများကို ဦးတည်ချိန်ရွယ်ကြသည်။

+ **for** +အတွက် *In the autumn, the newspapers are full of advertisements for winter breaks.* ဆောင်းဦး ပေါက်အချိန်၌ သတင်းစာများသည် ကျရောက်တော့မည့် ဆောင်းရာသီအတွက် ကြော်ငြာများနှင့်ပြည့်လျက်ရှိသည်။

**ad** (also **advert** BRITISH) အသုံးနှစ်မျိုး [*n* C] INFORMAL စည်းစနစ်အတိုင်းမဟုတ် an advertisement: ကြော်ငြာ *He began his acting career by doing shampoo adverts on TV.* သူသည် တီဗွီ၌ ခေါင်းလျှော်ရည်ကြော်ငြာ သရုပ်ဆောင်ခြင်းအားဖြင့် သူ၏သရုပ်ဆောင်ဘဝကိုစတင်ခဲ့သည်။

+ **for** +အတွက် *I saw an ad for some cheap furniture in our local paper.* ကျွန်ုပ်သည် ကျွန်ုပ်တို့၏ဒေသဆိုင်ရာ သတင်းစာထဲ၌ အပေါစား အိမ်ထောင်ပရိဘောဂအချို့အတွက် ကြော်ငြာတစ်ခုကို တွေ့မြင်ခဲ့သည်။

**commercial** [*n* C] an advertisement on television or radio: ရုပ်မြင်သံကြား သို့မဟုတ် ရေဒီယိုကြော်ငြာ။ *Have you seen the new Levi jeans commercial?* မင်း လီဗိုင်ဂျင်း ကြော်ငြာအသစ်ကို မြင်ပြီးပြီလား။

mgyoe.com

mgyoe.com

**commercial break** (= when there are commercials in the middle of a programme) ရုပ်မြင်သံကြားစသည်၌ အစီအစဉ်တစ်ခုကို ခဏရပ်တန့်ကြားဖြတ်၍ ကြော်ငြာများပြသည်။ *We'll be right back with you after a short commercial break.* ကြော်ငြာတိုကလေးတစ်ခုအပြီးမှာ ကျွန်တော်တို့ ပြန်လည်တွေ့ဆုံကြမယ်။

**slogan** [*n* C] ကြွေးကြော်သံ၊ လက်သုံးစကား၊ ဆောင်ပုဒ်။ a short clever phrase used in an advertisement: ကြော်ငြာတစ်ခု၌ပါရှိသောဆောင်ပုဒ် a dry-cleaning company that used the slogan 'We know the meaning of cleaning.' 'ကျွန်ုပ်တို့သည် သန့်ရှင်းအောင်ပြုလုပ်ခြင်း၏ အဓိပ္ပာယ်ကို သိရှိပါသည်' ယင်းကြွေးကြော်သံကို အခြောက်လျှော်ကုမ္ပဏီတစ်ခုက အသုံးပြုခဲ့သည်။

**hoarding** BRITISH billboard AMERICAN[*n* C] ကြော်ငြာဆိုင်းဘုတ်ကြီး a large flat board in a public place, where large printed advertisements are shown: အများပြည်သူမြင်နိုင်သောနေရာ၌ စိုက်ထူထားရှိသည့် ကားချပ်ကြီးများ။ ယင်းတို့အပေါ်တွင်ကြီးမားသော ပုံနှိပ်စာလုံးများဖြင့် ကြော်ငြာများရေးထိုးထားသည်။ *Beside the freeway was a huge billboard covered in ads for washing powder.* အနည်းဆုံးတစ်ဖက်စီတွင် ကားများအမြန်မောင်းနှင်၍ရသော လမ်းကြောင်းနှစ်ကြောင်းရှိသည့် တစ်မြို့နှင့်တစ်မြို့ဆက်သွယ်သော ကားလမ်းကျယ်ကြီးဘေး၌ ဆပ်ပြာမှုန့်ကြော်ငြာများဖြင့် ဖုံးအုပ်လျက်ရှိသော ဧရာမဆိုင်းဘုတ်ကြီး ရှိသည်။



mgyoe.com

mgyoe.com

## 3 to advertise something

**တစ်စုံတစ်ခုကို ကြော်ငြာရန်**

**advertise** [*v* I/T] to use advertisements on television or radio, in newspapers etc,in order to try to persuade people to buy something: ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ စသည်တို့ထဲတွင် ကြော်ငြာများထည့်၍ မိမိတို့၏ ကုန်ပစ္စည်းကို လူများဝယ်ယူချင်အောင် ဆွဲဆောင်သည်။ *There was a big poster advertising a well-known brand of cola.* လူသိများထင်ရှားသော ကိုလာ(အချိုရည်)တံဆိပ်ကို ကြော်ငြာသည့် ပိုစတာဆိုင်းဘုတ်ကြီးတစ်ခုရှိခဲ့သည်။ *a small company that can't afford to advertise on TV* တီဗွီ၌ ကြော်ငြာရန် မတတ်နိုင်သည့် ကုမ္ပဏီငယ်တစ်ခု

**be advertised on TV/the radio** တီဗွီ သို့မဟုတ် ရေဒီယိုမှာ ကြော်ငြာသည်။ *"How did you find out about the new software?"* ဆော့(ဖ်)ဝဲ အသစ်နဲ့ပတ်သက်လို့ ဘယ်လိုတွေ့ရှိခဲ့သလဲ။ (စိတ်ကြိုက်တွေ့ မတွေ့၏မေးလိုခြင်း) *'It was advertised on TV.'* ထို ဟာ ကို တီဗွီမှာ ကြော်ငြာခဲ့တယ်။ **be advertised in a newspaper /magazine etc.** သတင်းစာ၊ မဂ္ဂဇင်းစသည်ထဲမှာ ကြော်ငြာသည်။ *The concert was advertised in all the national newspapers.* ကပွဲကို အားလုံးသော တစ်နိုင်ငံလုံးထုတ် သတင်းစာများထဲတွင် ကြော်



mgyoe.com